မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး (၄/ ၂၀၀၈)ကျင်းပ ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ်ဆွေးနွေးအကြံပြုတင်ပြ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး(၄/၂၀၀၈)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စုံညီစွာတက်ရောက်

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

အမှာစကားပြောကြား

သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး(၄/၂၀၀၈) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အတွင်းသတင်းနှင့် ဆောင်းပါးအညွှန်း

❒ စာကောင်းပေမွန်များကသာ အမျိုးသားရေး ကိုယ်ခံစွမ်းအား ပြည့်ဝစေမည်ဖြစ်။
ဆင်ဖြူကျွန်းမြင့်သိန်း(မြန်စာဂုဏ်)၏ ဆောင်းပါး စာ–၄

❒ ဆင်ဆာမဲ့နှင့် ခိုးကူးသီချင်း ဗွီစီဒီများ ရောင်းချနေသူအား လသာမြို့နယ်တွင် ဖမ်းဆီးအရေးယူ။ စာ–၅

❒ စိတ်ဆင်ရိုင်းကို ချွန်းဖွင့်မိခဲ့ရာဝယ်။ စာ–၁၁

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကြက်သွန်နီစားသုံးလျှင် ဆီးချိုကျနိုင်

ကြက်သွန်နီသည် အနီရောင်ဖျော့ဖျော့ အခွံပါးဖြင့် ဖုံးလွှမ်းထားသော အရည်ရွှမ်းသည့် ဟင်းသီးဟင်းရွက်အမျိုးအစားတွင် ပါဝင်သည်။ ဟင်းချက်ရာ၌ မပါမဖြစ် အသုံးပြုရသည့်အတွက် နိုင်ငံတိုင်းတွင် အသုံးပြုမှုလည်း များပြားသည်။

ပေါ်ကြွယ်ဝ

ကြက်သွန်နီတွင် ခရိုမီယမ်၊ ဆာလဖာနှင့် သတ္တုဓာတ်များပေါကြွယ်ဝစွာ ပါဝင်သည်။ အပေါ်များဆုံးပါဝင်သည့်ဓာတ်မှာ ဆာလဖာဖြစ်သည်။ ထို့အပြင် ဗီတာမင်စီလည်း ပါဝင်သည်။

လျှော့ချနိုင်

ကြက်သွန်နီကို စားသုံးခြင်းဖြင့် သွေးထဲမှကိုလက်စထရောများမှုအား လျှော့ချပေးနိုင်သည့်အပြင် သွေးအတွင်းမှ သကြားဓာတ်ပါဝင်မှု ပမာဏကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် ဆီးချိုဝေဒနာရှင်များ ကြက်သွန်နီ စားသုံးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။

ဇီဝဖြစ်စဉ်

တစ်ဖန်ကြက်သွန်နီသည် အသည်းကျန်းမာရေးကိုလည်း အထောက်အကူပြုသည့်အပြင် ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များ ကောင်းမွန်စေရန်လည်း ပံ့ပိုးထောက်ကူပေးနိုင်ကြောင်း သိရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

10-1 (01) 1 1/10/08, 1:57 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်)

ပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန် စီမံဖြည့်ဆည်းပေးလျက် ရှိသည်။ အဆင့်မြင့်ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ခြင်း အပါအဝင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကိုလည်း ဖြည့်တင်းပေးထားပြီး ဖြစ်သည်။

ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ ဖွင့်လှစ်ပြီး သင်ကြားပေးလျက် ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အဖြစ်များသည့် အဓိကရောဂါကြီးခြောက်မျိုး ကုသရာတွင် ထိရောက်သော ဆေးစွမ်းကောင်းများရရှိစေရန် နေပြည်တော်-တောင်ညိုကားလမ်းဘေး၌ ဧက၂၀၀ကျယ်ဝန်းသော နိုင်ငံတကာအဆင့်မီ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ဇန်နဝါရီလ၄ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပရဆေးဥယျာဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါများအတွက် ဆေးဖက်ဝင်အပင်မျိုးပေါင်း ၇၁၉မျိုးနှင့် အပင်ပေါင်း ၂၄၈၃၁ပင်တို့ကို မျိုးထိန်း စိုက်ပျိုးပေးထားသည်။

မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် ဆေးဖက်ဝင်အပင်များအသုံးချပြီး တိုင်းရင်းဆေးဖြင့်ကုသတွေ့ရှိမှု၊ ဆေးဖုံများ၊ ဆေးနည်းများ တီထွင်ဖန်တီးကာ စမ်းသပ် သုတေသနပြုလုပ်လျက်ရှိသည်။ အနောက်တိုင်းဆေးဝါးများဖြင့် ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါများအတွက် ထိရောက်သော တိုင်းရင်းဆေးဝါးများ၊ ကုထုံးများ ဖော်ထုတ်ကုသနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ပြည်သူများရောဂါဘယကင်းဝေးပြီး သက်တမ်းပြည့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်းကျိုက်ဝိုင်း အောင်သပြေ ၁လမ်း အမှတ်၄၉နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုလှမျိုး-မတင်တင်မွေး မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စွန်းလွန်းဂူ ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ပေါင်မြို့နယ် ဇင်းကျိုက်တောင်တောရ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိလောက (သဒ္ဓမ္မဇောတိကဓဇ)၊ တိုက်အုပ်ဆရာတော် အရှင်ပညာသီဟ (မော်လမြိုင်)နှင့် အရှင်ခန္တီစာရ(အစင်) အရှင်သူမြတ်တို့က စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီး၌ ဇန်နဝါရီ ၁၀ရက်မှ ၂၀ရက်အထိ လည်းကောင်း၊ မော်လမြိုင်မြို့ မြိုင်သာယာရပ် စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီး၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၇ ရက်အထိ လည်းကောင်း စွန်းလွန်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားဓမ္မများဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ် ဘောဇနဆောင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်နေပြီဖြစ်သော လေးထပ် ဘောဇနဆောင်အတွက် ဒေါ်ရှုတင်မိသားစု ကမာရွတ်က ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းရှိန် မိသားစု ကျောက်မြောင်းက ငွေကျပ်တစ်သိန်း၊ အမေတွေမိသားစု သာကေတက ငွေကျပ်တစ်သိန်း၊ စိုင်းတင်စိုးသန်း-ဒေါ်မိုးအောင်ဆန်း ပုဇွန်တောင်က ငွေကျပ်တစ်သိန်း၊ ကိုသက်ဇင်-မကေဟန်လင်းမိသားစုတောင်ဥက္ကလာပက ငွေကျပ်သုံးသိန်း၊ ကိုတင်ဝေ-မတင်တင်အေး မိသားစုလမ်းမတော်က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်စန်းအိ ရန်ကုန်မြို့က ငွေကျပ်တစ်သိန်းရှစ်ထောင်၊ ဦးထွန်းမြင့်-ဒေါ်ခင်ခင်ချိုတောင်ဥက္ကလာပက ငွေကျပ်နှစ်သိန်းနှစ်သောင်း၊ ဦးမျိုးသိန်း-ဒေါ်နီလာ ရန်ကင်းက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

ယူကေနိုင်ငံ လန်ဒန်မြို့နေ ဒေါက်တာခင်သက်မော် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၂၇၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဒီဇင်ဘာ ၂၀ ရက်က ညောင်ဦးမြို့ မှန်တောကျေးရွာ၌ စည်ပင်သာယာရေးအဖွဲ့မှ ခြောက်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြဝတီ ရုပ်မြင်သံကြား

၁၀-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ် ချိုနှာဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၁၂)
၆:၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၇)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၁)

ခရမ်းမြို့ ကံသာကျောင်းတိုက်၌ ခုနစ်ရက်တရားစခန်းကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၆)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁)ရပ်ကွက် ကံသာကျောင်းတိုက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကံသာကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဇောတိက ဦးစီးလျက် ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ နန္ဒသာရနှင့် ပဋိစ္စသမုပ္ပာဒ်သင်တန်း မဟာသဒ္ဓမ္မ ကထိက ဆရာကြီး ဦးကျော်နိုင်(မန္တလေး)တို့က ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောပြောပြသမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

တရားစခန်းဝင်ရောက်မည့် ယောဂီများအတွက် အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၁–၃၉၀၁၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

ကောင်းသောအမှု ပြုပါလေ

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်ပြီးသော် စိုးရိမ်ပူပန်နောင်တရခြင်းမရှိ။ ထိုအမှု၏ ကောင်းကျိုးကိုလည်း ဝမ်းမြောက်ကြည်နူးခံစားရ၏။ ထိုအမှုကို ကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၈)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round)၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် မကွေးမြို့ရှိ ဖန်ခါးမြေ ဂေါက်ကလပ်၌ ကျင်းပသည်။

ချီးမြှင့်

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက Nett Total ၁၃၈ချက်ဖြင့် ပထမရရှိသော စိုးလွင်ဦး၊ Nett Total အချက် ၁၄၀ ဖြင့် ဒုတိယရရှိသော အောင်လွင်မိုးနှင့် Nett Total အချက် ၁၄၀ဖြင့် တတိယရရှိသော တင်လင်းကိုတို့အား ဆုများကိုလည်းကောင်း၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဌေးအောင်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ပထမမှ ပဥ္စမအထိ ဂေါက်သီးရိုက်အားကစားသမားများကိုလည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီးသိန်းကြည်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ဆဋ္ဌမမှ ဒသမအထိ ဂေါက်သီးရိုက်အားကစားသမားများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော သန်းဦးအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ၂၃၃ ကိုက်၊ နှစ်ပေဖြင့် ကျင်းအမှတ်(၄)တွင် Longest Drive ဆုရရှိသော အောင်မြိုင်အားလည်းကောင်း၊ ၆ ပေ ၉ လက်မဖြင့် ကျင်းအမှတ်(၁၇)တွင် Nearest to the Pin ဆုရရှိသော ဒေါက်တာသန်းထိုက်ရှိန်အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဗိုလ်လုပွဲ

မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ မြို့တော် ဂေါက်ကွင်း၌ ကျင်းပမည့် ဗိုလ်လုပွဲ (Final Round) သို့ မကွေးမြို့ လက်ရည်စစ်ပြိုင်ပွဲမှ ပြိုင်ပွဲဝင်ခွင့်ရရှိကြသော ကောင်းနိုင်၊ မြင့်ဟန်၊ စိုးလွင်ဦး၊ ဇော်မျိုးဟန်နှင့် တင်လင်းကိုတို့အား International Beverages Trading Co., Ltd. မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltd. ကဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake ဟိုတယ်၊ Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပထမဆုရ စိုးလွင်ဦးအား ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွက်

၁၃–၁–၂၀၀၈ ရက်နေ့

နှင့်

၂၇–၁–၂၀၀၈ ရက်နေ့

စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက (ဈ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝဏ္ဏကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ် စာစောင် တိုးပွားရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်မြင့်က အခန်း(၁) နိုင်ငံတော်အခြေခံမူများမှ နိုင်ငံတော်နှင့် စပ်လျဉ်း၍ အခြေခံမူများ၊ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်းသည့် အခြေခံမူများကို လည်းကောင်း၊ အမျိုးသမီးရေးရာ ကော်မတီအတွင်းရေးမှူး ဒေါ်နိုင်နိုင်မော်က နိုင်ငံတော်အုပ်ချုပ်ရမည့် စပ်လျဉ်းသည့် အခြေခံမူများ၊ တပ်မတော်နှင့် စပ်လျဉ်းသည့်အခြေခံမူများ၊ အရေးပေါ်ကာလနှင့်စပ်လျဉ်းသည့် အခြေခံမူများကိုလည်းကောင်း၊ ပြည်ခိုင်ဖြိုး စည်းရုံးရေးမှူး ဦးသန်းရှိန်က အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံကိုလည်းကောင်း ဖတ်ကြားကြသည်။

ဆွေးနွေး

အဆိုပါ ဖတ်ကြားသွားသော အခန်းကဏ္ဍများနှင့် နိုင်ငံတော်အကြီးအကဲ ရွေးချယ်ခြင်းကဏ္ဍ၊ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုကဏ္ဍတို့ကို မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလင်ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒီဇင်ဘာ ၃၁ ရက်က ၂၀၀၇ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား(အလွတ်တန်း)အဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ လယ်ယာ/ဆည်မြောင်းအသင်းအား ဆုယူအပြီးတွေ့ရစဉ်။(က–ပ)

စာပေလောကသားတို့အတွက် သမိုင်းပေးတာဝန်

စာကောင်းပေမွန်ဟူသည်ကား ပြည်သူကိုအကျိုးပြုသော စာပေ၊ ပြည်သူတို့ကို အသိပညာဗဟုသုတပေးစွမ်းသော စာပေ၊ ပြည်သူကိုအလုပ်အကျွေးပြုသော စာပေမျိုးဖြစ်ပါသည်။ စာပေကို အကြမ်းအားဖြင့် သုတစာပေ၊ ရသစာပေ၊ သုတရသစာပေဟူ၍ သုံးမျိုးသုံးစား ခွဲခြားနိုင်၏။ စာပေတည်းဟူသော တန်ဆောင်ဆီမီး ထွန်းလင်းတောက်ပမှသာ တိုင်းပြည်နှင့်လူမျိုးသည် ကမ္ဘာ့အလယ်၌ တင့်တယ်ထည်ဝါမည် ဖြစ်ပါသည်။ သုတစာပေသည် ဦးနှောက်ကိုသာ လှုပ်ခတ်ပြီး ရသစာပေမူ နှလုံးသားကို ရိုက်ခတ်၍ ဦးနှောက်တွင် စွဲမြဲသော အသိအမြင်အတွေးကို တည်စေနိုင်၏။ စာပေစွမ်းပကားသည် လောကတစ်ခွင် အလှဆင်နိုင်သော အရာဖြစ်ပါသည်။ အမှောင်ခွင်း အလင်းဆောင်နိုင်သော စွမ်းရည်သတ္တိ အပြည့်အဝရှိ၏။

စာပေလောကသားများသည် စိတ်ကောင်း၊ နှလုံးကောင်း၊ စေတနာမှန်ဖြင့်ပြည်သူ့အကျိုးပြုစာပေများရေးသားသင့်ပါသည်။ ပြည်သူလူထုအား အသိပညာ အထွေထွေဗဟုသုတ၊ သင်ခန်းစာပေးသည့် စာပေများ ရေးသားကြရန် လိုအပ်ပါ၏။ စာပေသည် စိတ်အာဟာရ တစ်ပါးဖြစ်သည်။

စာပေကောင်းဟူသည် စာရေးသူ၏ စိတ်စေတနာကို ထင်ဟပ်သော စာမျိုးဖြစ်၏။ တစ်ဦးတစ်ယောက်သည် စာကောင်းပေမွန်ကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုလာနိုင်သည်။ လောဘထွက်သူသည် မိမိလောဘထွက်သည်ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကိုသတိပြုမိလျှင်၊ မာနတက်သူသည် မိမိမာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်လာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ ပူလောင်မှုမှ သက်သာရာ ရနိုင်ပေ၏။ အလိမ္မာဟူသည် စာပေ၌ရှိပါသည်။ သို့သော် **စာပေထဲ၌ရှိသော အလိမ္မာတရားများကို ဖတ်ရုံသက်သက်ဖြင့် မခံစားနိုင်၊ မရနိုင်ပါ။ စာပေကပေးသည့် ဘဝအလိမ္မာ၊ ဘဝအသိကို အခြေခံ၍ လက်တွေ့ဘဝတွင် ဘဝအကျိုးစီးပွားအတွက် အသုံးပြုရန် အထူးလိုအပ်လှပေသည်။**

မြန်မာနိုင်ငံ၏ မြန်မာစာပေသမိုင်းကို ပြန်ပြောင်းလေ့လာ သုံးသပ်ကြည့်ပါလျှင် ပုဂံခေတ်မှစတင် တွေ့မြင်နိုင်၏။ ပုဂံခေတ်တွင် ကျောက်စာ၊ မြကန်လင်္ကာ၊ ပင်းယခေတ်တွင် တျာချင်း၊ ကာချင်းနှင့် ရတု အရေးအသားများ၊ အင်းဝခေတ်တွင် ဧချင်း၊ စစ်ချီရတု၊ မော်ကွန်း၊ တောလား၊ ပျို့၊ ဝတ္ထု၊ ရာဇဝင်ကျော်၊ လင်္ကာကြီး စသည့် စာပေများ ပေါ်ထွက်ခဲ့ပါသည်။ အင်းဝခေတ်တစ်ခေတ်လုံးကို ခြုံ၍ ကြည့်မည်ဆိုသော် ပျို့နှင့် မော်ကွန်းသည် အတွင်ကျယ်ဆုံးဟုဆိုနိုင်၏။ တောင်ငူခေတ်တွင် ဧချင်း၊ ရတု၊ အရေးတော်ပုံကျမ်း၊ လျှောက်ထုံး၊ ဖြတ်ထုံး၊ အန်ချင်း၊ သာချင်းများ ပေါ်ထွက်ခဲ့၍ ရတုနှင့် ဧချင်းအထွန်းကားဆုံးခေတ် ဖြစ်ပါသည်။

ညောင်ရမ်းခေတ်တွင် စကားပြေဝတ္ထု မဟာရာဇဝင်ကြီး၊ ပျို့၊ ပြဇာတ်၊ ဂီတသီချင်းများ၊ လူးတားတို့ ပေါ်ထွန်းခဲ့ပြီးဝတ္ထုစကားပြေများနှင့် ပြဇာတ်များ တွင်ကျယ်ခဲ့၏။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် သတ်ပုံကျမ်း၊ ပိုဒ်စုံရတုများ၊ ပျို့များ၊ ဓမ္မသတ်ကျမ်းများ၊ အရေးတော်ပုံကျမ်းများ၊ ရကန်လေးဆစ်ကဗျာ၊ တေးထပ်၊ နန်းတွင်းဇာတ်ဝတ္ထုစသည်တို့ ပေါ်ပေါက်ခဲ့သည်ကိုတွေ့ရပါသည်။

ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ပျို့များ၊ ရာမရကန်၊ လူးတား၊ အဲချင်း၊ မေတ္တာစာများ၊ ဝက်မစွပ်နဝဒေးကြီး၏ မော်ကွန်းများ ဦးအောင်ဖြိုး၏သာချင်းများ၊ မုံရွေးဆရာတော်၏ပျို့များ၊ ရာဇဝင်သံပေါက်လင်္ကာများ၊ မြဝတီမင်းကြီးဦးစ၏ ပတ်ပျိုးယိုးဒယားသီချင်းများ၊ သဖြန်၊ လေးဆစ်၊ ဒုံးချင်းများ၊ မှာတမ်း၊ ပြဇာတ်၊ ဘောလယ် ဦးပုည၏ မေတ္တာစာများ၊ အိုင်ချင်း၊ မာဃဒေဝလင်္ကာသစ်၊ လယ်တီဆရာတော်၏ ဒေသနာကျမ်းများ၊ ဒီပနီကျမ်းများ၊ ကင်းဝန်မင်းကြီး၏ ခရီးသွားမှတ်တမ်းများ ပေါ်ထွက်ခဲ့၏။ထိုခေတ်ကို ဂီတသဘင်ထွန်းကားသောခေတ်ဟု ဆိုနိုင်သည်။

စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာအခြေခံအမြင့်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်နှင့် တူညီ၏။ "**စာပေအစ ဘာသာစကားက**"ဟူသည့် ဆိုရိုးစကားရှိသည်။ တစ်နည်းအားဖြင့် စာပေသည် လူမျိုး၏ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါသည်။

မြန်မာစာပေသည် ဘုရားဟောကျမ်းဂန် အဘိဓမ္မာဒေသနာတော်လာ သဘောတရားများ အမြောက်အမြား ပါဝင်သဖြင့် အလွန်နက်နဲသိမ်မွေ့ပြီး နက်ရှိုင်းကျယ်ပြန့်လှ၏။ အနှစ်သာရလည်း လေးနက်ပြည့်ဝပါသည်။ စာပေပုံစံ အသွင်သဏ္ဌာန်အားဖြင့် ခွန်းထောက်၊ သဖြန်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ကဗျာလင်္ကာ၊ မော်ကွန်း၊ ဧချင်း၊ အိုင်ချင်း၊ တျာချင်း၊ ကာချင်း၊ သာချင်း၊ လွမ်းချင်း၊ ပျို့၊ ရတု၊ ရကန်၊ တေးထပ်၊ အဲချင်း၊ အန်ချင်း၊ လူးတား၊ တောလား၊ စည်တော်သံ၊ လှေတော်သံ၊ သံချိုနတ်သံ၊ ရာဇဝင်၊ နက္ခတ်ဗေဒင်၊ ဆေးကျမ်းစသည်ဖြင့်ရှိပါသည်။ ထို့ပြင် ဂီတဘက်တွင်လည်း ဗြောသံ၊ ဗုံကြီးသံ၊ သျှိုးလိုက်ရတု၊ မောင်းထောင်းတေးသံ၊ ကောက်စိုက်မသီချင်း၊ ပတ်ပျိုးသီချင်းကြီး သီချင်းခန့်၊ ယိုးဒယားသံဆန်း၊ ဘောလယ်၊ သံချပ်၊ ဒိုးပတ်စသည်တို့သည်လည်း ပါဝင်ကြ၏။

ယင်းတို့သည် မြန်မာစာပေတည်းဟူသော ပင်စည်ကြီး၏ အကိုင်းအခက်များ ဖြစ်ကြပါသည်။ မြန်မာစာပေ ရှင်သန်တိုးတက် ဖြစ်ထွန်းမှု

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)

ပင်မ ရေစီးကြောင်းကို အမှိုက်သရိုက်ကင်းစင်စွာ အားကောင်းမောင်းသန် အရှိန်အဟုန်ဖြင့် စီးဆင်းနေစေရန် စာပေပညာရှင်များ၊ စာဆိုများ၊ စာပေဝါသနာရှင် အားလုံးက အမျိုးသားရေး စိတ်ဓာတ်နှင့် ယှဉ်၍ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူတိုင်းသည် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင် ပေးကြရမည် ဖြစ်ပါသည်။

စာပေလောကသားများ၏ လက်ငင်းတာဝန်တစ်ရပ်မှာ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ကိုယ်ပိုင်လမ်းစဉ်ဖြင့် အနာဂတ်ခရီးဆက်နိုင်ရေးအတွက် ကလောင်လက်နက်ဖြင့် လမ်းပြပေးခြင်းပင်ဖြစ်၏။ မျက်မှောက်ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု၊ တိုင်းတစ်ပါး လူနေမှုစနစ်များ မီဒီယာများမှ တစ်ဆင့် ဖွတ်အတင်းသွတ်သွင်းလာမှုများကို ဟန့်တားချေဖျက်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက် မြင့်မားလာစေရအောင် အမျိုးသား စာပေဖြင့် ပြုပြင်မြှင့်တင်ပေးရမည် ဖြစ်သည်။

စာပေသည် နိုင်ငံနှင့်လူမျိုးတိုင်းအတွက်အရေးပါသည့်နယ်ပယ်ကြီး တစ်ခုဖြစ်သည့်အပြင် အမျိုးသားယဉ်ကျေးမှု၊ အနုပညာရပ်များ ဖြာထွက်ရာ ပင်စည်ကြီးဖြစ်သည်ဟု ဆိုနိုင်၏။ စာပေလောကသည် အမျိုးသားနှုန်းစံ၊ အမျိုးသားယဉ်ကျေးမှုတို့ ပုံရိပ်ထင်ရာ ကြေးမုံပြင်ကြီး သဖွယ်ဖြစ်၏။ မြန်မာစာပေလောကသည် အနှစ်သာရများဖြင့် အစဉ် အလာကောင်းများ ရှိပြီးသား ဖြစ်ပေသည်။ ယင်းတို့မှာ ရေးသားဖွဲ့ဆိုမှု အစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံးပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြု အစဉ်အလာတို့ ဖြစ်ကြပါသည်။

မျက်မှောက်ကာလ စာပေပညာရှင်များနှင့် စာပေမျိုးဆက်သစ်တို့သည် ဤအစဉ်အလာများကို ထိန်းသိမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှု လမ်းကြောင်းတွင် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ စာပေတာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ပါ၏။

စာပေနှင့်လူမျိုးသည် ရေကန်နှင့်ကြာပန်းကဲ့သို့ တူညီပါ၏။ ရေမြင့်က ကြာတင့်မည်ဖြစ်သည်။ စာပေအဆင့်အတန်းမြင့်မားလျှင် လူမျိုး၏ ဂုဏ်ပုဒ်၊ ဂုဏ်သိက္ခာတင့်တယ်ထည်ဝါမည်မှာကေန်မလွဲပင်။ စာကောင်းပေမွန်တည်းဟူသော မီးရှူးတန်ဆောင်ဖြင့် နိုင်ငံနှင့်လူမျိုးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေနိုင်ပေသည်။

သို့ဖြစ်၍ စာပေလောကသားအားလုံးသည် "စာပေထက်မြက် နိုင်ငံအတွက်"ဟူသည့် ဆောင်ပုဒ်ကိုလက်ကိုင်ပြုသင့်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး တည်တံ့ပွားများစေရအောင် ထိန်းသိမ်း စောင့်ရှောက် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်၏။ စာပေကို သွက်လက် ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကိုဖော်ဆောင်ပေးကြရန်လိုအပ်ပါသည်။

စာကောင်းပေမွန်များကသာ အမျိုးသားရေး ကိုယ်ခံစွမ်းအား ပြည့်ဝစေမည် ဖြစ်၏။ အမျိုးသားရေး ကိုယ်ခံစွမ်းအား ချို့တဲ့လျှင် လူမျိုးနှင့်စာပေမှာလည်း တဖြည်းဖြည်း မသိမသာ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်ပါသည်။

သို့ဖြစ်ရကား စာပေလောကသားအားလုံးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် ဖော်ဆောင်မှုအရပ်ရပ် အောင်မြင်စေရန်အတွက် ပြည်သူများအသိအမြင် ပွင့်လင်းနိုးကြား ထက်သန်စေရအောင် စာပေစွမ်းပကားဖြင့် စည်းရုံးစေ့ဆော်ပေးကြရေးမှာ သမိုင်းပေး တာဝန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။ ။

စာပေထဲ၌ရှိသော အလိမ္မာတရားများကို ဖတ်ရုံသက်သက်ဖြင့် မခံစားနိုင်၊ မရနိုင်၊ စာပေကပေးသည့် ဘဝအလိမ္မာ၊ ဘဝအသိကို အခြေခံ၍ လက်တွေ့ဘဝတွင် ဘဝအကျိုးစီးပွားအတွက် အသုံးပြုရန် အထူးလိုအပ်လှ။

မျက်မှောက်ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု၊ တိုင်းတစ်ပါး လူနေမှုစနစ်များ မီဒီယာများမှတစ်ဆင့် ဖွတ်အတင်းသွတ်သွင်းလာမှုများကို ဟန့်တားချေဖျက်နိုင်ရေး အတွက် မျိုးဆက်သစ်လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်မြင့်မားလာစေရအောင် အမျိုးသားစာပေဖြင့် ပြုပြင်မြှင့်တင်ပေးရမည်။

ရောင်းချ

သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က တိုင်းရင်းသားရိုးရာ အစားအစာ ဈေးရောင်းပွဲကို ဒီဇင်ဘာ ၂၅ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလီနှင့်အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချပေးကြစဉ်။ (၁၂၁)

ဂုဏ်ပြုခြင်း

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ အမြတ်အများဆုံး ရောင်းချပေးနိုင်သော ဆိုင်ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ၊ ဝတ်စုံပစ္စည်းများနှင့် ကံစမ်းမဲဖောက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်း ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး ကျင်းပသော လှိုင်မြစ်အနောက်ဘက်ကမ်းရှိ ရပ်ကွက်လေးခုမှ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်းနှင့်ချို့တဲ့သူများအား အဝတ်အထည် ထောက်ပံ့ပေးအပ်ပွဲကို ဘလုပ်

ညွှန့် ရပ်ကွက် အမက(၁၄)တွင် ဒီဇင်ဘာ ၂၂ရက်က ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပေးအပ်ကြစဉ်။ (က–ပ)

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းပြုပြင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ခြံအမှတ် ၅ သီရိမွန် ၉ လမ်းနေ မိဘများဖြစ်ကြသော ဦးအောင်သိန်း–ဒေါ်ငွေစိန်တို့အား ရည်စူး၍ ဒေါက်တာလှမြင့်–ဒေါ်မြမြဝင်း၊ သား ကိုချမ်းငြိမ်းဝင်း သမီး မပြည့်မွန်သက် (ပြည့်ဖြိုးဝေရောင်းဝယ်ရေး)မိသားစုက အလှူငွေကျပ် ၂၉သိန်းနှင့် မိဘများဖြစ်သော ဦးချိန်–ဒေါ်ကြင်ဆိုင်တို့အား ရည်စူး၍ သမီး ဒေါ်မြမြဝင်း၊ သား ဦးမြင့်ဝင်း၊ သမီး ဒေါ်စန်းစန်းဝင်း၊ သား ဦးဟန်ဝင်း၊ သမီး ဒေါ်လှလှဝင်း၊ သားသမီး၊ မြေးမြစ်မိသားစုက အလှူငွေ ကျပ်၂၉ သိန်းတို့ကို ပေးအပ် လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

အနောက်ဘက် စောင်းတန်းတော်ကြီး ပြန်လည်မွမ်းမံရန်အတွက် ရပ်ဝေး၊ ရပ်နီးအလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း–၀၅၃–၂၅၀၃၅၊ ၀၅၃–၂၅၁၈၀ ဂေါပကအဖွဲ့ရုံး ပြည်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၇)

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင် လက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး ဒေါ်ခင်မြဦး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြု လက်မှတ်ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကားပြော

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ချီးမြှင့်အပ်နှင်း

ဆက်လက်၍ စစ်ကိုင်းတိုင်းအတွင်း ၂၀၀၆ခုနှစ်အတွက် စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) နှစ်ဦး၊ (တတိယဆင့်) ခြောက်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ရှစ်ဦး၊ ၂၀၀၇ခုနှစ်အတွက် စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) တစ်ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ၁၀ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) သုံးဦး၊ (ဒုတိယဆင့်)တစ်ဦး၊ (တတိယဆင့်) ငါးဦး စုစုပေါင်း ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ ၃၆ဦးတို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး **(အပေါ်ပုံ)** စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော သားကောင်းမိခင်နှင့်ကလေး၊ ထူးချွန်အားကစားသမားများအား ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဆုချီးမြှင့်စဉ်။ (က–ပ)

တောင်တွင်းကြီးမြို့ ဝေဖာမုန့်လုပ်ငန်းတွင် ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၉

တောင်တွင်းကြီးမြို့ ရွှေအိုး(၂)ရပ်ကွက် ရခိုင်ဘုရားကြီးလမ်းရှိ ဦးရန်မင်း(၆၀နှစ်)ပိုင် ယမင်းမုန့်လုပ်ငန်းရှိ ပေ၃၀ပတ်လည် သွပ်မိုးအုတ်ကာ မုန့်ဂိုဒေါင်၌ ဇန်နဝါရီ ၃ရက် နံနက် ၈နာရီ မိနစ်၅၀က မုန့်ရောင်းစာရေး ဦးခင်မောင်တင့်(ခ)ဖိုးပြုံး (၄၈နှစ်)(ဘ)ဦးနုမှ မစိုးရိမ်ကျောင်းလမ်း ရွှေအိုး(၂) ရပ်ကွက်နေသူက ခြင်ဆေးခွေထွန်းရာမှ ဂိုဒေါင်အတွင်းရှိ ဝေဖာမုန့်အိတ်များအား မီးစွဲကာ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးမှာ နံနက် ၉နာရီ ၁၅မိနစ်ခန့်တွင် ငြိမ်းသွားခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဦးခင်မောင်တင့်(ခ) ဖိုးပြုံးအား တောင်တွင်းကြီးရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၂၈၅အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆင်ဆာမဲ့နှင့်ခိုးကူးသီချင်းဗွီစီဒီများ ရောင်းချနေသူအား လသာမြို့နယ်တွင် ဖမ်းဆီးအရေးယူ

ရန်ကုန် ဇန်နဝါရီ ၉

လသာမြို့နယ် (၅)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၂၁ လမ်းဆုံတွင် လသာရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီခွဲက သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာတွင် ဇင်မင်းထွန်း(၂၉နှစ်) (ဘ) ဦးလှရီ အမှတ် (၅) ၂ လမ်း ပုသိမ်ညွှန့်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူအား ညစ်ညမ်းနိုင်ငံခြားဗွီစီဒီမျိုးစုံ ၉၄ ချပ်၊ မြန်မာကာရာအိုကေဗွီစီဒီ(ခိုးကူး) အချပ် ၃၁၀၊ ဆင်ဆာမဲ့နိုင်ငံခြားရုပ်ရှင် မျိုးစုံ ဒီဗွီဒီ ၁၄၁ ချပ်၊ ညစ်ညမ်းနိုင်ငံခြားဒီဗွီဒီ ၁၅ချပ်၊ ဆင်ဆာမဲ့နိုင်ငံခြား (ကိုရီးယား)ဇာတ်လမ်းဒီဗွီဒီ ၅၃ချပ်၊ ဗွီစီဒီ/ဒီဗွီဒီများရောင်းရငွေကျပ် ၈၇၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် လသာရဲစခန်းက မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂(က)အရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ဖယ်ခုံမြို့နယ် ဘောရန်ကျေးရွာတွင် ဘိန်းစိမ်းနှင့် ဘိန်းညိုများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၉

တောင်ကြီး မူးယစ်အထူးအဖွဲ့နှင့် ပင်လောင်းရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၅ နာရီက ဖယ်ခုံမြို့နယ် ဘောရန်ကျေးရွာနေ ထွန်းရွှေ (၃၉နှစ်) (ဘ)ဦးတက်တိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်တွင် ထွန်းရွှေနှင့်အတူ ပင်လောင်းမြို့နယ် ဆောင်းတန်းကျေးရွာနေ မောင်ပိ (၂၉နှစ်) (ဘ)ဦးလောင်အား တွေ့ရှိရပြီး မောင်ပိ၏ အိပ်ရာဘေးရှိ ပလိုင်းအတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၉၂ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၂၉ဒသမ ၄သိန်းဖိုးခန့်ကိုလည်းကောင်း၊ ထွန်းရွှေ၏ အိပ်ခန်းအတွင်းရှိ သစ်သားဗီရိုအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းညိုမှုန့် ကိုးကီလိုဂရမ် ကာလတန်ဖိုးငွေ ကျပ် ၈၈၂ သိန်းဖိုးခန့်၊ ဘိန်းညိုမှုန့် ချက်လုပ်ရာတွင် အသုံးပြုသည့် အမိုးနီးယားကလိုရိုဒ် ကီလို၁၀၀ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅သိန်းခန့်၊ မော်တော်ကားချိုင့် တစ်ခုနှင့် ဒယ်အိုးကြီး တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းလိုက်သည်။

ထို့နောက် ထွန်းရွှေ၏ဖခင်ဖြစ်သူ ဦးတက်တိုး၏ နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းရှိ သေတ္တာအတွင်းမှ ဘိန်းစိမ်း ၈၀ဒသမ ၆ကီလိုဂရမ် ကာလတန်ဖိုး ငွေကျပ် ၆၀၄ ဒသမ ၅သိန်းဖိုးခန့်၊ သစ်သားသေတ္တာအတွင်းမှ ဘိန်းစိမ်း ၁၇ ဒသမ ၁၅ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၁၂၈ ဒသမ ၆သိန်းဖိုးခန့်၊ အစိမ်းရောင်ပလတ်စတစ်ပုံး အတွင်းမှ ဘိန်းစိမ်း ၈ဒသမ ၁၅ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၆၁ ဒသမ ၁သိန်းဖိုးခန့် စုစုပေါင်း ဘိန်းစိမ်း ၁၀၉ ဒသမ ၈၂ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၈၂၃ ဒသမ ၆ သိန်းဖိုးခန့်ရှာဖွေတွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပင်လောင်း ရဲတပ်ဖွဲ့စခန်းက ထွန်းရွှေ၊ မောင်ပိတို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း မူလတန်းဆင့်နှင့် အလယ်တန်းဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက်၇နာရီက အလက(၁) လှိုင်သာယာအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းဌေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အလယ်တန်းဆင့်တွင် အုပ်စု လေးအုပ်စုနှင့် မူလတန်းဆင့်တွင် အုပ်စုခုနစ်အုပ်စုတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပွဲဦးထွက်အဖြစ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအသင်းနှင့် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ လှိုင်သာယာမြို့နယ် ပညာရေးမှူး(ဒိုင်း) မူလတန်းနှင့်အလယ်တန်းဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာဦးစီးဌာနရှိ အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ **(ပညာရေး)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများနှင့် ထူးချွန်အားကစားသမားများအား ပညာသင်ထောက်ပံ့ကြေးနှင့် ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း ပညာထူးချွန်ဆု၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး ဆုရရှိကြသူ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများနှင့် အားကစား ထူးချွန်ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁၂နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူတစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိကြသူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြည်ပအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ထူးချွန်အမျိုးသား အားကစားသမား သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ပြည်ပ အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ထူးချွန်အမျိုးသမီး အားကစားသမား လေးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြည်တွင်း အားကစားပြိုင်ပွဲများ၌ ထူးချွန်စွာ ရွှေတံဆိပ်ဆုရရှိကြသည့် အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပညာသင်ထူးချွန်ဆုရရှိသူ ကျောင်းသူတစ်ဦးနှင့် အားကစား ထူးချွန်ဆုရရှိသူ အားကစားသမား တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေး တက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉နာရီက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်နှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ တိုင်းရင်းဆေးတက္ကသိုလ် ဆရာ ဆရာမများ၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.TM)ရ မောင်မယ် ၁၆၆ ဦးနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.TM) ပေါင်းကူးရရှိသူ ၁၀ဦး၊ ပုံမှန်ဘွဲ့ရရှိသူ ၁၆၆ဦးနှင့်

အဝေးရောက်ဘွဲ့ယူသူခုနစ်ဦး စုစုပေါင်း ၁၈၃ဦး ဘွဲ့ရရှိခဲ့ကြသည်။

ဂုဏ်ပြုညစာစားပွဲ

B.M.TM ဘွဲ့များကို တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ လွင်ကိုက ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** မိန့်ခွန်း ပြောကြားသည်။ ဘွဲ့နှင်းသဘင် ဂုဏ်ပြု ညစာစားပွဲကိုလည်း ညပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ် မြက်ခင်းပြင်၌ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာတန်းရှည်ကျေးရွာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ ရွာတန်းရှည် ကျောင်းတိုက်အတွင်း နှစ်စဉ် ကျင်းပအပ်သော ခုနစ်ရက် တရားစခန်းပွဲကြီးကို ပြာသိုလပြည့်ကျော်၃ရက်မှ ၉ရက်(ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ ရွှေရတနာ ဆရာတော် သာသနာပြု နယ်လှည့် ဓမ္မကထိက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

အမိပညာရေး တက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မြတ်ဆရာ ပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်)ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ညွှန်ကြားရေးမှူး (ပညာ)အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်)ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့်(ကျောင်းအုပ်ကြီး၊ ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး (သင်ရိုး)(DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအောင်သွင် လက်ထောက် ညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ ဦးကျော်ဝင်းမြင့် လက်ထောက်ညွှန်ကြားရေးမှူး (ပညာ) ဦးစီး(၃) ဖုန်း-၂၁၂၉၆၉ လိုင်းခွဲ(၂၀၃)၊ ဦးအေးကြိုင် ရခိုင်ပြည်နယ် ပညာရေးမှူး ဖုန်း- ၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃)ဖုန်း- ၅၅၄၉၆၄၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂)တာမွေ ဖုန်း-၅၄၂၁၇၊ ဦးရှိန်းလိန်းအောင် မြို့နယ်ပညာရေးမှူး သဃ်န်းကျွန်း ဖုန်း-၅၆၄၂၁၁နှင့် ဒေါ်ခင်သန်းထွေး အထပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောက်တန်းမြို့ အထက(၁) မော်ဝန်းရတနာခန်းမ၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်ကကျင်းပရာ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းမှ သက်ကြီး အမှုဆောင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (၁၁၅)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

တောင်ကြီး၌ အသိပညာပေးဟောပြော

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၁၉ ရက် နံနက် ၁၀နာရီက တောင်ကြီးမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကြည်အေးဆွေက အမျိုးသမီးနေ့ အကြောင်းကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောကြသည်။ (က-ပ)

အောင်မြေသာစံမြို့နယ် စာဖတ်ပွဲတော်

မန္တလေးအောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲတော်ကို ဒီဇင်ဘာ၁၄ရက် နံနက်၉နာရီက အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်ခင်စောလွင်က ချစ်နိုင်(စိတ်ပညာ)၏အကြီးအမှူးဖြစ်စေတတ်သောစာအုပ်မှ အကြီးအမှူးဖြစ်စေတတ်သော ခေါင်းစဉ်ကိုလည်းကောင်း၊ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ စာကြည့်တိုက်တာဝန်ခံ ဒေါ်နန်းအုန်းမြင့်က ဒို့ကျေးရွာဂျာနယ်အတွဲ(၄) အမှတ်(၁၇)မှ စာတည်းမှူး၏ အစကောင်းခဲ့သည်ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ် ပညာရေးစုံညီပွဲတော်

မကွေးတိုင်း ပခုက္ကူမြို့နယ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ဆုနှင်းသဘင်ပွဲကိုဇန်နဝါရီ၃ရက် မွန်းလွဲ၁နာရီက ပခုက္ကူမြို့ အထက(၁)ပညာရတနာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသောင်းဆွေက အမှာစကားပြောကြားပြီး ထူးချွန်ဆုရကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ (က-ပ)

ကျောက်တန်း လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစား ပြိုင်ပွဲများကို ဇန်နဝါရီ၄ရက်က ကျောက်တန်းမြို့ပေါ်ရှိ ဆင်ကန်၊ ရွှေကုန်း၊ အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းနှင့် စံချိန်မီရပ်ကွက်တို့၌ ကျင်းပကြရာ အသက်အရွယ်အလိုက် အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အပ်ချည်ထိုးပြိုင်ပွဲ၊ သကြားလုံးကောက်ပြိုင်ပွဲနှင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊စစ်တုရင်၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက် ပြိုင်ပွဲများ ကျင်းပကြကြောင်း သိရသည်။ **(၁၁၅)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရေကြည်မြို့နယ် တောင်လယ်ကျေးရွာအုပ်စု ရွှေကျောင်းကုန်းကျေးရွာ၌ ရောင်ခြည်သစ်(၂) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီကကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျေးရွာဥက္ကဋ္ဌ ဦးဆန်းဦးနှင့် မြို့နယ်ဦးစီးမှူးဒေါ်မြစီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

မင်းကင်းမြို့နယ် စာပေဟောပြောပွဲ

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော စာပေဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက်၁၀နာရီက ပွင့်လျက်ရွာ တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပရာ ဦးစီးမှူး ဦးဇော်ဝင်း၊ စာထောက်-၃ ဦးမောင်မောင်အေး၊ စာရေးဆရာ မင်းသန်းမင်း (မင်းကင်း)၊ မောင်ငြိမ်းရည်(မင်းကင်း)တို့က အသိပညာပေးစာပေများ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လု

တမူးမြို့ အောင်သူရွှေဆိုင်၏ ပံ့ပိုးကူညီမှုဖြင့် စစ်ကိုင်းတိုင်း တမူးခရိုင် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် ခမ်းပတ်အသင်းနှင့် ဘုက္ကန်အသင်းတို့ ယှဉ်ပြိုင်ကြရာ ဘုက္ကန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်ရေရရှိရေး ကွင်းဆင်းစစ်ဆေး

ဟားခါးမြို့နယ်အတွင်းရှိ လမ်းသုတ်ကျေးရွာရေပေးဝေနိုင်ရေးအတွက် ရေထွက်ပင်ရင်းမှ ရေသွယ်ပိုက်သွယ်တန်းရေး၊ ရေစုကန်နှင့်ရေစစ်ကန် တည်ဆောက်နိုင်ရေး၊ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ရေးအတွက် လမ်းအူကြောင်းရှာဖွေခြင်းနှင့် အတူ လက်ဖက်ပျိုးခင်းနှင့်လက်ဖက်စိုက်ခင်းများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်ရေးအတွက် မြေနေရာသတ်မှတ်ခြင်းလုပ်ငန်းများကို ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ ဇန်နဝါရီ၃ ရက် နံနက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ပြည်နယ်ပြန်/ဆက်)**

တာလီဆည် ပြုပြင်ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးတို့သည် ဗန်းမော်ခရိုင် စိုက်/ကြပ်အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ၃၁ရက် နံနက် ၉နာရီက ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ တာလီဆည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို သွားရောက်စစ်ဆေးခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာတို့အမြတ်တနိုးတန်ဖိုးထားသော စောင်းတူရိယာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်ကပေါ်ပေါက်ခဲ့

* *ကျောဖုံးမှ*

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မြန်မာ့စောင်းတူရိယာပစ္စည်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ပေါက်ခဲ့သည်ဆိုသောအချက်မှာ အခိုင်အမာ ပြဆိုနေပေသည်။

ယဉ်ကျေးမှုအမွေအနှစ်

မြန်မာ့အနုသုခုမ နယ်ပယ်တွင် သီချင်းကြီး၊ သီချင်းခံအစရှိသော ခေတ်ဟောင်းတေးများသည်လည်း မြန်မာ့စောင်းတူရိယာပစ္စည်းနှင့် တီးခတ်သီဆိုလေ့ရှိကြသဖြင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တည်တံ့နေခဲ့သည်။

မေးမြန်းခဲ့

မြန်မာ့စောင်းတူရိယာများ နှစ်ပေါင်း ၄၀ ကျော်ကြာ ထုတ်လုပ်လျက်ရှိသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၎)ရပ်ကွက် နွယ်နီ ၁၆ လမ်းရှိ စောင်းပညာရှင် ဦးလှဆန်း၏ နေအိမ်လုပ်ငန်းခွင်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်လေ့လာ မေးမြန်းခဲ့ပါသည်။

သင်ယူခဲ့

ရှေးဦးစွာ စောင်းပညာရှင် ဦးလှဆန်းက **"ဒီစောင်းထုတ်လုပ်တဲ့ လုပ်ငန်းကို ကျွန်တော် မိရိုးဖလာ လုပ်ငန်း တစ်ရပ်အနေနဲ့ လုပ်ကိုင်လာခဲ့တာပါ။ အစက ငါးထပ်ကြီးဘုရားနားမှာ လုပ်ပါတယ်။ ဒီပညာကို စောင်းလုပ်မှု အတတ်ပညာရှင်ဖြစ်တဲ့ ကျွန်တော့်အဖေ ဦးမြင့်ဆီက သင်ယူခဲ့တာ ဖြစ်ပါတယ်။**

စောင်းနဲ့ပတ်သက်ရင် ဦးမြင့်၊ ဦးချစ်၊ ဦးဆင့်ဆိုတဲ့ ညီအစ်ကို သုံးယောက်ရှိပါတယ်။ ဦးချစ်နဲ့ ဦးဆင့်တို့ကတော့ စောင်းလုပ်မှု အတတ်ပညာကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေ မထိန်းနိုင်ခဲ့ပါဘူး။ အဖေဦးမြင့်ရဲ့ စောင်းလုပ်တဲ့ အတတ်ပညာကို ကျွန်တော် ရအောင် ယူနိုင်ခဲ့ပါတယ်။ အဖေဦးမြင့်ကတော့ အသက် ၉၀ကျော်မှာ ဆုံးပါးသွားခဲ့ပါတယ်။

ဖခင်ဖြစ်သူ ဦးမြင့်ထံမှ စောင်းပြုလုပ်ခြင်းအတတ်ပညာကို ဦးလှဆန်း(ဝဲ)က ဤသို့ လက်ဆင့်ကမ်း သင်ယူခဲ့သည်မှာ...။ (မြန်မာ့အလင်း)

ဆည်းပူးလေ့လာ

ကျွန်တော် စောင်းပြုလုပ်တဲ့ပညာကို အဖေဦးမြင့်ဆီက သင်ယူရရှိခဲ့သလို စောင်းတီးတဲ့ ပညာကိုတော့ အလင်္ကာကျော်စွာ စောင်းဦးဘသန်း၊ ဦးခင်မြင့်နဲ့ ဦးစိန်ဖေတို့ဆီမှာ ပညာဆည်းပူးလေ့လာခဲ့ပါတယ်။ စောင်းကောင်းတစ်လက်ရဖို့ ဆိုတာ အတီးအတတ်ပညာနဲ့ ထုတ်လုပ်မှုပညာ အပိုင်းနှစ်ရပ်စလုံးကို ကျွမ်းကျင်စွာ တတ်မြောက်ပါမှ လက်ရာမြောက်တဲ့ စောင်းတစ်လက် လုပ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်လုပ်တဲ့စောင်းတွေကို ဈေးမှာသွားရောင်းတာ မရှိပါဘူး။ လိုချင်တဲ့သူတွေက အိမ်ကို လာမှာကြတယ်။ ဂီတနယ်က အနုပညာသမားတွေ၊ ရန်ကုန်နဲ့ မန္တလေးမြို့မှာရှိတဲ့ ယဉ်ကျေးမှုတက္ကသိုလ်တွေက မှာယူကြပါတယ်။ ပြည်ပမှ ခရီးသွားဧည့်သည်တွေလဲ ရံဖန်ရံခါ လာကြည့်ကြပါတယ်။ ဒီမှာတော့ စောင်းတစ်လက်ကို ရှစ်သောင်း၊ ကိုးသောင်းနဲ့ အနည်းဆုံး ရောင်းပါတယ်။ စောင်းမှာ အသုံးပြုရတဲ့ကျောက်နဲ့ ရွှေချပေးတဲ့ အပေါ်မှာ မူတည်ပြီး စောင်းတစ်လက်ရဲ့ တန်ဖိုးဟာ ကျပ်တစ်သိန်းခွဲကနေ နှစ်သိန်းအထိ ရှိနိုင်ပါတယ်။

ကျွန်တော်ရောင်းတဲ့ စောင်းတွေက ဈေးမှာရောင်းတဲ့ စောင်းတွေရဲ့ ဈေးနှုန်းထက် ထက်ဝက်လောက် ကွာပါတယ်။ စောင်းမှာ အသုံးပြုတဲ့ သစ်သား၊ ကျောက်၊ မှန်စီရွှေချ ကောင်းရင် ကောင်းသလို ဈေးပိုနိုင်ပါတယ်။ သံစဉ်မှန်ကန် ကောင်းမွန်မှုနဲ့ သေသပ်ခိုင်ခံ့မှုတို့ဟာ ကျွန်တော် လုပ်တဲ့ စောင်းတွေရဲ့ ထူးခြားချက်တွေပါပဲ။ စောင်းနဲ့ ပတ်သက်လို့ လက်ရာကောင်းကောင်း လိုချင်တဲ့သူတွေက ကျွန်တော့်ဆီကို တိုက်ရိုက်မှာယူကြပါတယ်။ ရန်ကုန်၊ မန္တလေး၊ ပုဂံအစရှိတဲ့ မြို့တွေကတောင် မှာယူကြပါတယ်။ စောင်းနဲ့ ပတ်သက်လို့ ကျွန်တော့်ကို မသိတဲ့လူမရှိကြပါဘူး" စသည်ဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။ စောင်းကိုပိန္နဲ၊ ပိတောက်၊ သက်န်း၊ တောင်ပိန်းအစရှိသော သစ်မာများဖြင့် လိုရာပုံရအောင် ထွင်းလုပ်ရသည်။ ရရှိပြီး ထွင်းအိုးများနှင့် စောင်းကောက်တံကို မူလီနှင့်တွဲရသည်။

တီးခတ်

ယင်းနောက် စောင်းအိုးကို ဆိတ်သားရေနှင့် ဖုံးအုပ်ရသည်။ နောက်ဆုံးအဆင့်ဖြစ်သည့် သစ်စေးသုတ်၊ မှန်စီ ရွှေချ၊ ဆေးသုတ်စသော လုပ်ငန်းများ ပြုလုပ်ရသည်။ နောက်ဆုံး အဆင့်မှာ ကြိုးတပ်စမ်းသပ်တီးခတ်ခြင်းဖြစ်သည်။

အတတ်ပညာ

မြန်မာ့ တူရိယာစောင်းကို တီးခတ်မှု အတတ်ပညာသာမက ကျွမ်းကျင်စွာ ပြုလုပ်နိုင်မှု အတတ်ပညာများ ရှင်သန်ထွန်းကားရန် လိုအပ်လာပြီ ဖြစ်သည်။ **လက်ရာမြောက် စောင်းကောင်းတစ်လက်ရရှိရန် စောင်းပြုလုပ်မှုအတတ်ပညာ၊ စောင်းတီးခတ်မှုအတတ်ပညာ၊ အသုံးပြုသော ပစ္စည်းများ အချိုးအစား မှန်ကန်အောင် အသုံးပြုနိုင်မှသာလျှင် စောင်းကောင်းတစ်လက် ရရှိနိုင်**မည်ဖြစ်ပါကြောင်း မြန်မာ့ရိုးရာ အနုပညာပစ္စည်း စောင်းအကြောင်း ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် လေ့လာစေ့ငု တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မိရိုးဖလာ

စောင်းပြုလုပ်တဲ့ လုပ်ငန်းကို မိရိုးဖလာ လုပ်ငန်း တစ်ရပ် အနေနဲ့ လုပ်ကိုင် လာခဲ့တာပါ။

(မြန်မာ့ရိုးရာ စောင်းပြုလုပ်မှု အတတ်ပညာရှင် ဦးလှဆန်း။)

(မြန်မာ့အလင်း)

မြန်မာ့အနုသုခုမနယ်ပယ်တွင် သီချင်းကြီး၊ သီချင်းခံ အစရှိသော ခေတ်ဟောင်းတေးများသည်လည်း မြန်မာ့စောင်းတူရိယာပစ္စည်းနှင့် တီးခတ်သီဆိုလေ့ရှိကြသဖြင့် ယဉ်ကျေးမှု အမွေအနှစ် အဖြစ်တည်တံ့နေ။

လက်ရာမြောက် စောင်းကောင်းတစ်လက်ရရှိရန် ဤသို့ထွင်းထုရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရိုးရာ တူရိယာ စောင်းအဖြစ် ဤသို့ ပုံဖော် ထုတ်လုပ်ကြရသည်။

(မြန်မာ့အလင်း)

လက်ရာမြောက် စောင်းကောင်းတစ်လက်ရရှိရန် စောင်းပြုလုပ်မှု အတတ်ပညာ၊ စောင်းတီးခတ်မှုအတတ်ပညာ၊ အသုံးပြုသောပစ္စည်းများ အချိုးအစား မှန်ကန်အောင် အသုံးပြုနိုင်မှသာလျှင် စောင်းကောင်းတစ်လက် ရရှိနိုင်။

ရန်ကုန်တိုင်း တာမွေမြို့နယ် ဖိုးစိန်လမ်း အမှတ် ၄၆/c နေ ဗိုလ်မှူး တင်မောင်(ငြိမ်း)–ဒေါ်ခင်ဆင့်သားသမီး မြေးတစ်စုက ငါးထပ်ကြီး ဆုတောင်းပြည့် စေတီတော်မြတ် ရွှေထီးတော်အတွက် အလှူငွေကျပ် တစ်ဆယ့်ငါးသိန်းကို ငါးထပ်ကြီးဂေါပကအဖွဲ့သို့ လှူဒါန်းစဉ်။ (က–ပ)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည်

ဟောပြောပွဲတွင် ဒေါက်တာ ကျော်ထင် (အကြံပေးပုဂ္ဂိုလ် UMFCCI/ MIA) က စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဇော်မင်းဝင်း (ဒုတိယဥက္ကဋ္ဌ UMFCCI/ MIA)က Challenges and Perspective for The Future Development of SMES in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဦးထွန်းနိုင်အောင်(New and Renewal Energy Group) က Why We Need Consultancy ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ဝေးဝေးရှောင်ကြ ထာဝရ

* လန်းဆန်းစိတ်တွေ၊ ညှိုးမှိန်စေသည့်
တွေဝေထွေပြား၊ ကစဉ့်ကလျားဖြစ်
အင်အားခန့်ရာ၊ ယုတ်လျော့လာပြီး
သန်မာမှုကင်း၊ ကျန်းမာခြင်းလည်း
ယိုယွင်းလို့သာ၊ စိတ်ကျလာလျက်
ဘာမှဘာဆို၊ မလုပ်လိုတော့
စိတ်အိုရုပ်အို၊ ဘဝတိုအောင်
ဝါးမျိုသွေးသား၊ လုံးပါးပါးမည့်
ဆေးဝါးမူးယစ်၊ ရန်သူစစ်။

* မူးယစ်ဆေးဝါး၊ စွဲလမ်းသွားသော်
သွေးသားခြောက်ခန်း၊ ဘဝလမ်း၏
ရည်မှန်းချက်များ၊ ပျောက်ပျက်သွားကာ
စီးပွား,ပညာ၊ ကျန်းမာ,လူမှု
မိသားစုရေး၊ ဘယ်မတွေးတော့
ဆေး... ဆေး... ဆေး... ဆေး၊ မူးယစ်ဆေးသာ
တရေးတခင်၊ တမင်မင်နှင့်
ညှို့ငင်ရီဝေ၊ တထွေထွေနှင့်
ရီဝေယစ်မူး၊ စည်းစိမ်ထူးဟု
ရူးရူးမိုက်မိုက်၊ သဘောပိုက်လျက်
အသက်,ခန္ဓာ၊ မငဲ့ညှာတော့
ရောဂါစုံကာ၊ သေမင်းရွာသို့
လားရာမကောင်း၊ သိမနှောင်းနှင့်
မကောင်းကျိုးပေး၊ မူးယစ်ဆေးကို
ဝေးဝေးရှောင်ကြ၊ ထာဝရ။ ။

နေမွန်ရွှေဝင်း

အဝလွန်မှုကို အကနှင့်လျှော့ကျစေမည့် ကျန်းမာရေးအကလေ့ကျင့်မှု

သတင်းမှတ်စု – ကိုအာကာ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အဝလွန်ကဲမှုကို အကဖြင့်လျှော့ကျစေမည့် သင်တန်းနှင့် ပတ်သက်သည့် မီဒီယာရှင်းလင်းပွဲ၌ ဒေါက်တာတင်ထွန်းဦးက အဖွင့်စကားပြောကြားခဲ့စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၉

ကမ္ဘာ့နိုင်ငံအသီးသီးမှာ အဝလွန်သူတွေများလာတာမို့ ကျန်းမာရေးပညာရှင်တွေက သတိပေးမှုတွေ ပြုလုပ်ပေးနေကြပါတယ်။ အဝလွန်မှုဟာ ရောဂါဘယ ထူပြောစေတာမို့ နိုင်ငံတကာမှာ အဝလွန်မှု လျော့ကျအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးစားနေကြပါတယ်။



"အဝလွန်မှုကို အကနဲ့ လျော့ကျစေမှာပါ"

သျှင်နေမင်း
သင်တန်းဦးစီးသင်ပြဆရာ။

အလှအပ

အခု မြန်မာနိုင်ငံမှာလည်း အဝလွန်မှုကို အကနဲ့လျှော့ချစေဖို့ နည်းလမ်းတွေ အများကြီးလုပ်နေတဲ့ အထဲမှာ ခေတ်မီ အဆီချ အကသင်တန်းနဲ့ ခေတ်ပေါ် အကသင်တန်းတစ်ခုကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အထက် ဘလောက်) မှာ ရှိတဲ့ နိုင်ငံတကာ ကျန်းမာရေးနဲ့ အလှအပ စင်တာမှာ ဇန်နဝါရီ ၂၁ ရက်မှာ စတင်ဖွင့်လှစ်ပါတော့မယ်။

ရည်ရွယ်ချက်

ဒီလိုသင်တန်းဖွင့်လှစ်ရမှုရဲ့ ရည်ရွယ်ချက်ကတော့ "နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ အဝလွန်တာကို အစားအသောက်နဲ့ လျှော့ချတာနဲ့ ဆေးဝါးသောက်သုံးပြီး ကုသတာတွေက ဘေးထွက် ဆိုးကျိုးတွေရှိတာမို့ အက ကရင်း အဝလွန်မှုလျော့ကျအောင်ကျန်းမာရေး လေ့ကျင့်ခန်းပေးမယ့် သင်တန်းပါ"လို့ ဒီသင်တန်းကို ဦးစီးသင်ကြားပေးမယ့် သျှင်နေမင်းက ပြောပြပါတယ်။

ဒီအကသင်တန်းက သီတင်းတစ်ပတ်ကို နှစ်ရက်နဲ့ တစ်နေ့နှစ်နာရီ သင်ကြားပေးမှာဖြစ်တဲ့အပြင် နှစ်နာရီ သင်တန်းမှာ ပထမမိနစ် ၃၀ က စိတ်ကြိုက်လေ့ကျင့်ခန်း ပြုလုပ်ရမှာဖြစ်ပြီး ကျန်တဲ့ တစ်နာရီ မိနစ် ၃၀ ကတော့ စုပေါင်းကျန်းမာရေးအကနဲ့ လေ့ကျင့်ရမှာ ဖြစ်ပါတယ်လို့ သျှင်နေမင်းက ပြောပါတယ်။

ဒီလိုစုပေါင်းကခြင်းဟာ နေ့စဉ်လမ်းလျှောက်ပျင်းနေတဲ့လူတွေအတွက် ကတော့အံဝင်ခွင်ကျပါပဲ။ ကိုယ်လက်လှုပ်ရှားရလို့ အဝလွန်မှု လျော့ကျစေတဲ့အပြင်စုပေါင်းကရလို့လည်းတစ်နေ့တာ စိတ်ဖိစီးမှုတွေကို ပြေလျော့စေပါတယ်။

ကျန်းမာရေး

ဒီသင်တန်းဟာ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းမှာရှိတဲ့ နိုင်ငံတကာ ကျန်းမာရေးနဲ့ အလှအပ စင်တာနဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပြီး လူတိုင်းကျန်းမာရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်လို့ နိုင်ငံတကာကျန်းမာရေးနဲ့ အလှအပ စင်တာရဲ့ တာဝန်ရှိသူ တစ်ဦးဖြစ်တဲ့ ဒေါက်တာတင်ထွန်းဦးက ဇန်နဝါရီ ၉ ရက်မွန်းလွဲ ၂ နာရီမှာ ပြုလုပ်တဲ့ မီဒီယာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ။ (မြန်မာ့အလင်း)

ကိုယ်လက်လှုပ်ရှား ကျန်းမာရေးအကကို ဤသို့ ညီညာဖြဖြ ပြုလုပ်ကြရမည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၀–၁–၂၀၀၈ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၂၅	၉။	စလင်းချောင်းတံတား
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒအထူးပြု) [ဒဿနိကဗေဒ]
၁၇း၀၀	၅။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	**သစ်ကောင်းတစ်ပင်** နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန် ဒါရိုက်တာ–မိုးထက်လူ (သစ်တော)
၁၇း၄၅	၈။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	တိုင်းရင်းသားတို့ ဆုံစည်းနေ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်မြေ
၁၈း၅၀	၁၂။	**နတ်လူသာခုခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ–သော်ကိုကိုကျော်)
၁၉း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယချစ်ပုံပြင်** (အပိုင်း–၃၄)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၁၇)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ခိုးမှုများဖော်ထုတ်ပေးသော ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ကွန်ပျူတာနှင့် မိတ္တူကူးစက် ဂုဏ်ပြုလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ခိုးမှုများဖော်ထုတ်ပေးခဲ့သော ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ဆိုက်ဘာစီးတီးကုမ္ပဏီမှ ကွန်ပျူတာနှင့်မိတ္တူကူးစက်များ ဂုဏ်ပြုလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်မှ ဒီဇင်ဘာ ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၃၆၀၀၀ ဒေါ်လာ၊ FEC ၁၀၀၀ ယူနစ်၊ မြန်မာကျပ်ငွေ သိန်း ၈၀ ကျော် ပျောက်ဆုံးမှုကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မြင့်သောင်းနှင့် တပ်ဖွဲ့ဝင်များက ၁၇ ရက်အတွင်း ပြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ပေးနိုင်ခဲ့သဖြင့် ဆိုက်ဘာစီးတီးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဘုန်းကြွယ်က ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ကာလတန်ဖိုးငွေကျပ် ၃၃ သိန်းခန့်တန်ဖိုးရှိ visor အမျိုးအစား ကွန်ပျူတာတစ်စုံနှင့် Canon NP 1215 အမျိုးအစား မိတ္တူကူးစက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးက လက်ခံပြီး (အပေါ်ပုံ) အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူကြိုကျောင်း ကာယစွမ်းရည် ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က ပြုလုပ်ရာ ဆုရရှိသော ရင်သွေးငယ်လေးများအား လူမှုဝန်ထမ်း ဦးစီးဌာနမှ ဒေါက်တာကေသီကျော်က ဆုချီးမြှင့်စဉ်။ (၁၀၃)

● ရှေ့ဖုံးမှ

သဘာပတိ

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

အကြံပြု

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ်ဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဆွေးနွေး တင်ပြ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ဗိုလ်ချုပ်ခင်အောင်မြင့် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့် ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်တင်မေထွန်း ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

■ ကျောဖုံးမှ

မှာကြား

ဆက်လက်၍ Royal Kaytumadi Hotel တည်ဆောက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဟိုတယ်အထွေထွေမန်နေဂျာ ဒေါ်စတယ်လာကျော်ဝင်းက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက လုပ်ငန်းအခက်အခဲများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် Royal Kaytumadi Hotel တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝင်းသူဇာအရောင်းကိုယ်စားလှယ်ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် အထည်အလိပ်များနှင့် အသင့်ချုပ်ပြီး အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် အဖျော်ယမကာမျိုးစုံ၊ ဆေးဝါးအမျိုးမျိုးနှင့် ဆပ်ပြာမျိုးစုံ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စက္ကူနှင့် ဗလာစာအုပ်အမျိုးမျိုး၊ သဘော်ဆေးမျိုးစုံ၊ အပ်ချုပ်စက်နှင့် စက်ဘီးမျိုးစုံ၊ ပလတ်စတစ်၊ သားရေ၊ ရော်ဘာတို့နှင့်စပ်လျဉ်းသော လူသုံးကုန်ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ပစ္စည်းအမယ်ပေါင်း ၈၉၁ မယ်ကို ထုတ်လုပ်လျက်ရှိပြီး အဆိုပါပစ္စည်းများအနက်မှ အမယ်ပေါင်း ၄၉၈မယ်ကို မြန်မာပြည်တစ်ဝန်းတွင် ဝင်းသူဇာအရောင်းဆိုင်များ၊ နယ်လှည့်ဈေးကားများဖြင့် မြန်မာပြည်အနှံ့ အထူးဈေးရောင်းပွဲတော်များ၊ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ၌ ဈေးနှုန်းချိုသာ၍ အရည်အသွေးကောင်းမွန်သဖြင့် ပြည်သူများက နှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိကြသည်။

သို့ပါ၍ ယင်းထုတ်ကုန်ပစ္စည်းများကို ပြည်သူများထံ ပိုမို၍ ပျံ့ပျံ့နှံ့နှံ့ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လက်လီ၊ လက်ကားအရောင်းကိုယ်စားလှယ် ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်လျက်ရှိသည်။

စုံစမ်းနိုင်

သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူများအား အရောင်းကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးမည်ဖြစ်ပြီး၊ ဆိုင်ဖွင့်လှစ်ရောင်းချသည့် အနေအထားပေါ်မူတည်၍ ဝင်းသူဇာအရောင်းဆိုင် ဆိုင်းဘုတ်ကိုတပ်ဆင်အသုံးပြုခွင့် ပေးမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများသည် ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ နေပြည်တော်နှင့် ဖုန်း ၀၆၇–၄၀၈၁၃၅ နှင့် ၀၁–၅၇၇၀၇၄ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး ဆင့်ပွားသင်တန်းဆင်းပွဲ လားရှိုး၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ဆင့်ပွားသင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂၇ရက် ညနေပိုင်းက လားရှိုးမြို့ ပြန်လည်ထူထောင်ရေး စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးသုတက အမှာစကားပြောကြားရာတွင် သင်တန်းဆင်းများအနေဖြင့် ပြည်နယ်အတွင်းမူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စီမံချက် မြို့နယ်များအတွင်း ကွင်းဆင်း၍ တိကျအောင်မြင်စွာ လုပ်ကိုင်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များကို လားရှိုးခရိုင်မှ သင်တန်းသားတစ်ဦးအားပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် သင်တန်းသား ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင် ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို UNODC 3DF ၏ ပံ့ပိုးကူညီမှုဖြင့် HIV/AIDS ကူးစက်မှုအန္တရာယ် လျှော့ချရေးလုပ်ငန်းနှင့်မူးယစ်ဆေးဖြတ်ပြီးသူများအား ဆေးပြန်မသုံးစွဲရန်အတွက် နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ **(လူမှုဝန်ထမ်း)**

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCIမင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလေးထား ကျေးလက် မိခင်နှင့်ကလေးကျန်းမာရေး ဦးစားပေး

နေပြည်တော် ဇန်နဝါရီ ၉

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇန်နဝါရီ ၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့သို့ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းဝင်များအားတွေ့ဆုံသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်၊အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ ကျေးရွာများရှိ ဆရာမများအနေဖြင့် အန္တရာယ်ရှိ ကိုယ်ဝန်များကိုရှာဖွေ၍ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီညွှန်းပို့ရန် လိုအပ်ကြောင်း၊ မိခင်လောင်းများသည် အာဟာရပြည့်ဝစေရန် သံဓာတ်နှင့်ဖောလစ်အက်ဆစ်၊အိုင်အိုဒင်းဆားများကို ဖြည့်စွက်သုံးစွဲရန်လိုအပ်ကြောင်း၊ ဗီတာမင် ဘီ–၁ ချို့တဲ့မှုမှ ကာကွယ် နိုင်ရန် မောင်းထောင်းဆန် (သို့)ပြုတ်ဆန်စားသင့်ကြောင်း၊ အိမ်အတွင်းဆေးလိပ်သောက်ခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ အိမ်အောက်မှ မီးခိုးမှိုင်းတိုက်ခြင်းများမပြုလုပ်ရန် လိုကြောင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန် လိုကြောင်း၊ ခြင်ထောင်(သို့မဟုတ်)ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်းဖြင့် ငှက်ဖျားရောဂါမှ ကာကွယ်နိုင်ကြောင်း၊ တီဘီရောဂါအတွက် နိုင်ငံတော်က တီဘီဆေးကိုအခမဲ့ပေးလျက်ရှိကြောင်း၊ ဆေးကိုခြောက်လအထိသောက်ရန် လိုအပ်ကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် လူငယ်တိုင်းအား ၎င်းရောဂါနှင့် ပတ်သက်၍ ပညာပေးရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ဇီးကုန်းမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်၊ ပြည်သူလူထုက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀	၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	၁:၀၅	**'အား'** တရားတော် (ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ)
၇:၅၀	၁:၅၀	နိဗ္ဗာန်ဆီသို့...... အမေးအဖြေများ
၈:၁၅	၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀	၂:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၅၀	၂:၅၀	Activities in the City
၉:၀၅	၃:၀၅	ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
၉:၁၀	၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅	၃:၂၅	မြတ်ဗုဒ္ဓသာသနာပွင့်လန်းရာ ဆရာကြီးဦးသန်းဓမ္မရိပ်သာ
၉:၅၅	၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	၄:၀၅	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ–ကြည်စိုးထွန်း)
၁၀:၁၀	၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	၄:၁၅	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) [အပိုင်း–၂၃]
၁၀:၄၅	၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	၅:၀၀	ရွှေလက်သံ(ရတနာ၃)
၁၁:၁၅	၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	၅:၂၀	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၁:၃၀	၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	၅:၄၀	Fashion Guide (လှပတော်ဝင် ရတနာ ဒီဇိုင်းဖက်ရှင်)
၁၂:၀၀	၆:၀၀	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၁၂:၃၀	၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	၆:၃၅	Celebrity Style (သရုပ်ဆောင်ရီဝေယံနှင့် တွေ့ဆုံခြင်း)
၁:၀၀	၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘက်စုံထူးချွန်ဆု

ဇန်နဝါရီ ၇ရက်က တာမွေမြို့နယ် အမက(၁၂) ကျောင်းခန်းမတွင် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဘက်စုံထူးချွန် ဒုတိယဆုရ တတိယတန်းမှ မသက်ထားဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းက ဆုချီးမြှင့်စဉ်။

(က–ပ)

10-1 (09) 1 1/10/08, 1:57 AM

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ပြည့်နှစ်၌ ကျင်းပမည်

ကူမင်း ဇန်နဝါရီ ၉

၂၀၁၀ ပြည့်နှစ် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ၌ နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၁၈၇ ခုက ပါဝင်ပြသမည်ဖြစ်ကြောင်း ကုန်စည်ပြပွဲ ကျင်းပမည့်သူများက ဇန်နဝါရီ ၆ရက်တွင် ပြောကြားသည်။

အရေအတွက်ပိုများ

အဆိုပါနိုင်ငံနှင့် အဖွဲ့အစည်းများ အရေအတွက်သည် ၂၀၀၀ပြည့်နှစ်က ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ ကျင်းပခဲ့သော ကုန်စည်ပြပွဲထက် အရေအတွက် ပို၍များနိုင်ကြောင်း ရှန်ဟိုင်း ကုန်စည်ပြပွဲညှိနှိုင်းရေး ဒုတိယညွှန်ကြားရေးမှူး ကျူရောင်လိက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြစ်ကျဉ်းသုံးသွယ် ဆည်တာမံစီမံကိန်း ကမ္ဘာလှည့်များအား ပိုမိုဆွဲဆောင်

ရီကျန်း ဇန်နဝါရီ ၉

တရုတ်နိုင်ငံ၏ မြစ်ကျဉ်းသုံးသွယ်ဆည်သို့ ယခင်နှစ်က ကမ္ဘာလှည့်ခရီးသည် ၁၁သိန်း၂၅သန်း ရောက်ရှိခဲ့ကြောင်း၊ နှစ်အလိုက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ခရီးသွားဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း၌ ဖော်ပြသည်။

ရောက်ရှိ

အဆိုပါ မြစ်ကျဉ်းသုံးသွယ်ဆည်သို့ ၂၀၀၇ ခုနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည် ၃၁၀၀၀၀ ရောက်ရှိခဲ့ရာ ၂၀၀၆ ခုနှစ်ကထက် ၃၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယန်စီမြစ်ပေါ်ရှိ မြစ်ကျဉ်းသုံးသွယ် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမှ တာဝန်ရှိသူ ဆူတန်က ပြောကြားသည်။

ဖွင့်လှစ်မည်

၎င်းမြစ်ကျဉ်းသုံးသွယ်တည်ရှိရာ ဟူဘေးပြည်နယ် ရီကျန်းဒေသသို့ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းနိုင်ရန် နိုဝင်ဘာလတွင် မြစ်ကျဉ်းသုံးသွယ် လေဆိပ်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မဟာမဲခေါင်အစည်းအဝေး လာအို၌ ကျင်းပမည်

ဟန္နိုင်း ဇန်နဝါရီ ၉

လာအိုနိုင်ငံသည် မြို့တော် ဗီယင်ကျန်း၌ မတ် ၂၈ရက်မှ ၃၁ ရက်အထိ တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (ဂျီအမ်အက်စ်) ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း ဗီယင်ကျန်းတိုင်း(မ်)က ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာနှင့် တရုတ်နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကာ ဒေသတွင်း၌ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြမည်ဖြစ်သည်။ **အင်န်အင်အေ၊ဆင်ဟွာ**

ပြည်တွင်း ကားအသစ်ရောင်းချရမှု ဂျပန်နိုင်ငံတွင် ကျဆင်းလာခဲ့

တိုကျို ဇန်နဝါရီ ၉

ဂျပန်နိုင်ငံ၏ ပြည်တွင်း ကားအသစ်ရောင်းချရမှုသည် ၂၀၀၇ ခုနှစ်အတွင်း ကားစီးရေ ၃၄၃၃၈၂၉ စီး ရောင်းချခဲ့ရသဖြင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ နှစ်ချင်းအလိုက် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းနေ၍ ၁၉၇၂ ခုနှစ်က အနည်းဆုံးရောင်းချခဲ့ရသည့် စံချိန်သို့ရောက်ရှိ ရန် နီးကပ်လာကြောင်း ဂျပန်မော်တော်ကားရောင်းချသူများအသင်းက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

ဖော်ပြ

ယင်းကဲ့သို့ ကားအရောင်းကျဆင်းခြင်းသည် နိုင်ငံတကာဈေးကွက်တွင် စက်သုံးဆီဈေးနှုန်း မြင့်မားရခြင်းကြောင့်ဖြစ်ကြောင်း၊ အထက်ဖော်ပြပါ ကားရောင်းချရမှု အရေအတွက်သည် ၁၉၉၀ ပြည့်နှစ်က ပြည်တွင်း၌ အများဆုံးရောင်းချခဲ့ရသည့် အရေအတွက်နှင့် နှိုင်းဆလျှင် ကားစီးရေ ၂ ဒသမ ၅ သန်းကျော် အရောင်းကျဆင်းခဲ့ကြောင်း ဂျပန်ကားရောင်းသူများ အသင်း၏ ပြောကြားချက်ကို ကျိုဒိုသတင်းဌာနက ကိုးကားဖော်ပြသည်။

ကျဆင်း

ဂျပန်နိုင်ငံ၏ ပြည်တွင်းကား အရောင်းကျဆင်းခဲ့ရာတွင် ကုန်တင်ကားရောင်းချမှု ၁၇ ဒသမ ၆ ရာခိုင်နှုန်း၊ ဘတ်စ်ကားရောင်းချမှု ၁၃ ဒသမ ၃ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့သည်ဟု ဆိုသည်။

ခန့်မှန်း

၂၀၀၈ ခုနှစ်တွင်လည်း ဂျပန်ပြည်တွင်း ကားအရောင်းမှာ ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း မော်တော်ကား ထုတ်လုပ်ရောင်းချသူများက ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြှင့်တင်ရန် သမ္မတဟူကျင်တောင် ပြောကြား

ပေကျင်း ဇန်နဝါရီ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သော လုပ်ငန်းအစီအမံများ ချမှတ်လုပ်ဆောင်သွားရန်လိုကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ဇန်နဝါရီ ၇ ရက်၌ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကြီးမားဆုံးသော ကုန်သွယ်ရေးအဖွဲ့အစည်းများတည်ရှိရာ တိုင်းပြည်ဖြစ်သည်။ ကုန်သွယ်ရေးအဖွဲ့ဝင်ပေါင်း ၁၉၃ သန်းရှိသည်။

ပြောကြား

သမ္မတဟူကျင်တောင်က ပေကျင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာ စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်န်အင်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၉၁၀ ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အီရတ်နိုင်ငံ၌ ယခုရက်သတ္တပတ်ကုန်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဇန်နဝါရီ ၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဇန်နဝါရီ ၆ ရက်က အမေရိကန်တပ်ဖွဲ့၏ သယ်ယူပို့ဆောင်ရေးယာဉ် ဖြတ်သန်းသွားစဉ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

အီရတ်စစ်ပွဲစတင်သည့် ၂၀၀၃ ခုနှစ် မတ်လကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၉၁၀ ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်မှ ထုတ်ပြန်သော စာရင်းဇယားများကို အခြေခံလျက် ဒေသဆိုင်ရာ မီဒီယာများက ရေးသားဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဓာတ်ငွေ့ပေါက်ကွဲ

ရုရှားနိုင်ငံ ကိုဇန်မြို့တွင် ဇန်နဝါရီ ၉ ရက်က သုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့သည့် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် အဆောက်အအုံများမြင်ကွင်းကို တွေ့ရသည်မှာ…။

(အင်တာနက်ဓာတ်ပုံ)

ဆီးနှင်းများ ထူထပ်စွာ ကျဆင်း

အာဖဂန်နစ္စတန် နိုင်ငံ ဂျာမာလီမြို့၌ ဇန်နဝါရီ ၈ရက်က နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ၃၄ ဦးသေဆုံးခဲ့ရာ ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ရေလွှမ်း

အိန္ဒိယနိုင်ငံ မိုနွန်မြို့တွင် ဇန်နဝါရီ ၈ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းနေသည့် မြင်ကွင်း …။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၉

အမေရိကန်သမ္မတရွေးကောက်ပွဲ အကြိုရွေးပွဲ၌ ဟီလာရီကလင်တန်အနိုင်ရ

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် အကြိုရွေးကောက်ပွဲများ ပြုလုပ်လျက်ရှိရာတွင် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်က ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဘာရက်အိုဘားမားကို နယူးဟမ်ရှိုင်းယားပြည်နယ် အကြိုရွေးချယ်ပွဲတွင် အနိုင်ရလိုက်သည်။

ဟီလာရီကလင်တန်က ထောက်ခံမဲ ၃၉ရာခိုင်နှုန်း၊ ဘာရက်အိုဘားမားက ၃၆ရာခိုင်နှုန်း၊ ဂျွန်အက်ဒွပ်က ၁၇ရာခိုင်နှုန်းနှင့် ကီလ်ရစ်ချတ်ဆင်က ၅ရာခိုင်နှုန်း အသီးသီး ရရှိသည်။

မြောက်ကိုရီးယားနှင့်ဆက်ဆံရေး စိတ်ရှည်ရှည်ထားရမည်

မြောက်ကိုရီးယားနိုင်ငံကို စိတ်ရှည်ရှည်ထား ဆက်ဆံရမည်ဖြစ်ကြောင်း အမေရိကန်နျူကလီးယား သံတမန် ခရစ္စတိုဖာဟီးလ်က ပြောကြားလိုက်သည်။ နောက်ကျကြေညာခြင်းဖြင့် ပြည့်စုံနိုင်ကြောင်း ထည့်သွင်းပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ် အသေးစိတ်ကို ၂၀၀၇ခုနှစ်ကုန်၌ ပေးရန်နောက်ဆုံး အချိန်သတ်မှတ်ခဲ့သည်။

ဘာနာဇီယာဘူတိုကို လုပ်ကြံသူဖော်ထုတ်နိုင်

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတိုအား လုပ်ကြံသူကို ဖော်ထုတ်နိုင်ကြောင်း ပါကစ္စတန် ရုပ်မြင်သံကြားသတင်းက ထုတ်ပြန်ကြေညာသည်။

လုပ်ကြံသူ၏ ဇာတိဖြစ်သော အနောက်မြောက် ရှာတန်ပြည်နယ်၌ ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးသူ သုံးလေးဦးရှိသည်။

လုပ်ကြံသူသည် ရာဝါပင်ဒီမြို့၌ ဒီဇင်ဘာ ၂၇ ရက်က ဘာနာဇီယာဘူတိုကို အသေခံတိုက်ခိုက်စဉ်က သေဆုံးခဲ့သည်။

သမ္မတဟောင်းဆူဟာတို ကျန်းမာရေးပိုမိုဆိုးရွားလာ

အသက် ၈၆ နှစ်ရှိ အင်ဒိုနီးရှား သမ္မတဟောင်း ဆူဟာတိုမှာ ဇန်နဝါရီ ၄ရက်က ဆေးရုံသို့ အရေးပေါ်တင်လိုက်ရသည်။ ဆေးရုံရောက်ပြီး သက်သာသလိုရှိပြီးနောက် ယခုတစ်ဖန် အခြေအနေ ပိုမိုဆိုးရွားလာကြောင်း ကုသနေသည့်ဆေးအဖွဲ့ခေါင်းဆောင် မာဂျိုဆိုဘီယင်ဒိုနိုက ပြောဆိုသည်။

မစ္စတာဆူဟာတိုမှာ ခန္ဓာကိုယ်တွင်း သွေးယိုမှုနှင့် အဆုတ်ရောင်သည့် လက္ခဏာများတွေ့ရ၍ ကျန်းမာရေးအခြေအနေ ယိုယွင်းလာသည်ဟု ဆိုသည်။

ရွေးကောက်ပွဲရလဒ် ဂျော်ဂျီယာအတိုက်အခံတို့ကန့်ကွက်

ဂျော်ဂျီယာအတိုက်အခံတို့က သမ္မတရွေးကောက်ပွဲ ထပ်မံပြုလုပ်ရန် တောင်းဆိုလိုက်သည်။ လက်ရှိရွေးကောက်ပွဲရလဒ်များကို ၎င်းတို့က ကန့်ကွက်သည်။ အနောက်အုပ်စုလိုလားသည့် မစ္စတာဆာကက်ဗီလီကအနိုင်ရနေသည်။

တောင်းဆိုချက် မလိုက်လျောလျှင် အစာတော်ခံဆန္ဒပြမည့်အပြင် တနင်္ဂနွေနေ့တွင် လူစုလူဝေးဖြင့် ကန့်ကွက်မည်ဖြစ်ကြောင်း ဂျော်ဂျီယာအတိုက်အခံများက ပြောကြားသည်။

အိန္ဒိယအလုပ်သမားများပြည်ဝင်ခွင့် မလေးရှားမပိတ်ပင်

အိန္ဒိယ အလုပ်သမားများကို မလေးရှားအစိုးရက တားမြစ်ထားသည်ဆိုသော သတင်းများမှာ မဟုတ်မှန်ကြောင်း မလေးရှားအလုပ်သမားဝန်ကြီး အက်စ်ဆာမိဗဲလူးက ငြင်းဆိုလိုက်သည်။

အိန္ဒိယအလုပ်သမားများအား ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးခြင်းကို သူတို့ရပ်ဆိုင်းထားကြောင်း မလေးရှားအရာရှိများက စောစောပိုင်းက အတည်ပြုပြောကြားသည်။ ပြီးခဲ့သည့်နှစ်က မလေးရှားအိန္ဒိယလူမျိုးများ၏ ကန့်ကွက်ဆန္ဒပြမှုနှင့် ဆက်နွယ်ပြီး ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းဖြစ်သည်။

သို့သော် မလေးရှားအစိုးရက ယင်းသို့ ဗီဇာပိတ်ရန် အမိန့်မထုတ်ဟု မလေးရှားအလုပ်သမားဝန်ကြီး အက်စ်ဆာမိဗဲလူးက ပြောဆိုသည်။

ကင်ညာသမ္မတလီဘာကီ ဝန်ကြီးအသစ်များခန့်အပ်

ကင်ညာသမ္မတ လီဘာကီက ၎င်း၏အစိုးရအဖွဲ့၌ ဝန်ကြီးသစ်များကို ခန့်အပ်လိုက်သည်။ ရွေးကောက်ပွဲ အငြင်းပွားမှုကို ကြားဝင်ဖြေရှင်းပေးမည့် အာဖရိကသမဂ္ဂ(အေယူ)ဥက္ကဋ္ဌ ဂါနာသမ္မတဂျွန်ကူဖူအာ မရောက်မီ အချိန်ကိုက်၍ ဝန်ကြီးများခန့်ခြင်းဖြစ်သည်။

ခန့်အပ်သည့်ဝန်ကြီးများ၌ အတိုက်အခံပါတီမှ လုံးဝမပါပေ။ အစိုးရအဖွဲ့သစ်ကို အတိုက်အခံတို့က အသိအမှတ်မပြုကြောင်း ပြောကြားထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ တရုတ်၌ထိန်းချုပ်နိုင်

တရုတ်နိုင်ငံ ရှင်ကျန်းအနောက်ပိုင်း၌ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ရေးသားဖော်ပြသည်။

အဆိုပါဒေသ၌ ကြက်ကောင်ရေ ၃၅၀၀၀ကို သုတ်သင်ခဲ့ပြီးဖြစ်ကြောင်း၊ လူသို့ကူးစက်ခြင်း မရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဒါဖာဒေသတိုက်ခိုက်ခံရမှု ဆူဒန်အစိုးရအား ကုလသမဂ္ဂကန့်ကွက်

ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များထံပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းတင်သောကားတန်းကို ဆူဒန်အစိုးရတပ်များက ချုံခိုတိုက်ခိုက်ခဲ့သည်။

ယင်းလုပ်ရပ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆူဒန်အစိုးရအား ကန့်ကွက်လိုက်သည်။

နိုင်ငံတကာမှခင်း

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

စိတ်ဆင်ရိုင်းကို ချွန်းဖွင့်ခဲ့မိရာဝယ်

ဘော့စတွန်မြို့သည် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း မက်ဆာချူးဆက်ပြည်နယ်တွင် ပါဝင်ကာ အတ္တလန္တိတ်သမုဒ္ဒရာကမ်းရိုးတန်း၌ တည်ရှိသည်။ ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ကူးသန်းရောင်းဝယ်ရေး ကောင်းမွန်ကာ လူဦးရေ ခြောက်သိန်းကျော်ရှိပြီး စည်ကားသော မြို့ကြီးတစ်မြို့လည်း ဖြစ်သည်။

ဂါရီဇီရိုလာ**(အပေါ်ပုံ)**သည် ဘော့စတွန်မြို့တွင်နေထိုင်ကြီးပြင်းလာခဲ့သူဖြစ်သည်။ မိဘနှစ်ပါး အိမ်ထောင်ရေးပြိုကွဲပြီး အမေဖြစ်သူ နာမကျန်းဖြစ်လာသောအခါ သားသမီးခုနစ်ဦးတွင် အငယ်ဆုံးဖြစ်သည့် အသက်သုံးနှစ်အရွယ်ရှိ ဇီရိုလာအား ခိုကိုးရာမဲ့ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဌာနသို့ ပို့လိုက်ရတော့သည်။ ထိုအချိန်မှစ၍ ဇီရိုလာသည် မွေးစားမိသားစုများအကြား လှည့်လည်နေထိုင်ခဲ့ရသည်မှာ လူတစ်လုံးသူတစ်လုံး ဖြစ်ကာ ဘော်စတွန်မြို့ ဆင်ခြေဖုံးအရပ်တွင် ရှေ့နေတစ်ယောက်အဖြစ် အမြဲတမ်းရပ်တည်နိုင်ပြီး ဇနီးဖြစ်သူနှင့် မိသားစုဘဝ ထူထောင်နိုင်သည် အထိပင်ဖြစ်သည်။

လိုက်ပါဆောင်ရွက်

ဇီရိုလာသည် ပညာရေးတွင် ထူးချွန်ထက်မြက်သူမဟုတ်သော်လည်း အလယ်အလတ်အဆင့်ရှိသူဖြစ်သည်။ ထို့ကြောင့် သူသည် အသက်၂၀အရွယ် ၁၉၉၂ခုနှစ်တွင် ဆပ်ဖော့ခ်တက္ကသိုလ်မှ ဥပဒေနှင့်ပြည်သူ့ စီမံခန့်ခွဲရေးဆိုင်ရာဘွဲ့ကို ရရှိခဲ့သည်။ ငယ်စဉ်ကပင် လူငယ်ပြုစုပျိုးထောင်ရေးဂေဟာ၌ လူလားမြောက် ကြီးပြင်းခဲ့ရသူ ဇီရိုလာသည် သူကိုယ်တိုင် ရှေ့နေတစ်ယောက်ဖြစ်လာသောအခါ ကလေးသူငယ်အဓမ္မမှုများနှင့် မိသားစုအတွင်း အကြမ်းဖက်မှုပြဿနာများကိုလိုက်ပါ ဆောင်ရွက်ဖြေရှင်းပေးခဲ့သည်။ မိဘမဲ့မွေးစားကလေးများအတွက် ပရဟိတ ဆောင်ရွက်ပေးသည့် ရှေ့နေတစ်ယောက်အဖြစ် လူသိများလာသည်။

ရွေးချယ်

မိဘမဲ့၊ခိုကိုးရာမဲ့၊ မွေးစားကလေးများအတွက် အဝတ်အစားနှင့် လက်ဆောင်ပစ္စည်းများ ဝယ်ယူချီးမြှင့်ပေးသည့် လူမှုဝန်ထမ်းအဖွဲ့တစ်ဖွဲ့ကိုလည်း ဇီရိုလာကပင် ဦးဆောင်ပြီး စတင်တည်ထောင်ခဲ့သည်။ ၎င်း၏ ရန်ပုံငွေမြှင့်တင်ရေးသတင်းကို သတင်းစာတွင် နေ့စဉ်ပုံမှန်ဖော်ပြခြင်းခံရပြီး အလှူငွေစတင်ကောက်ခံကတည်းက နေ့စဉ်ဒေါ်လာ ၈၀၀ရရှိခဲ့သည်။ သူ၏စွမ်းဆောင်မှုကြောင့်ပင် သူ၏အသက် ၂၉နှစ်အရွယ် ၂၀၀၁ခုနှစ်တွင် ပြည်သူကရွေးချယ်သော စွမ်းဆောင်ရည်ပြည့်ဝသည့် ပုဂ္ဂိုလ်၅၀အနက် တစ်ဦးအဖြစ် ဖော်ပြခံခဲ့ရသည်။

ရေပန်းစား

ဇီရိုလာသည် ၂၀၀၀ပြည့်နှစ်မှစပြီး ပြစ်မှုဆိုင်ရာခုခံကာကွယ်သည့် ရှေ့နေတစ်ဦးအဖြစ် ကိုယ်ပိုင်ဥပဒေအလုပ်ခန်းဖွင့်ခဲ့သည်။ သူသည် တရားရုံးတွင် အဝတ်အစားများကို သေသပ်ကျနစွာ ဝတ်ဆင်တတ်ပြီး ခေတ်မီထင်ပေါ်သားနားကာ အမျိုးသမီးများအကြားတွင် ရေပန်းစားလာသည်။ သူ၏အမှုသည်အများစုမှာလည်း မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်သူများနှင့် အဓမ္မမှုကျူးလွန်သူများပါဝင်သည်။

စိတ်ရောကိုယ်ပါနှစ်မြှုပ်

ထိုသို့အမျိုးသမီးများအကြား ရေပန်းစားလာမှုသည်ပင်ကိုက ပရဟိတလူမှုဝန်ထမ်းလုပ်ငန်းများတွင် ဘဝတစ်လျှောက်လုံး စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားခဲ့သော ဇီရိုလာအဖို့ အတိဒုက္ခရောက်ရန် ဖန်တီးလာခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ဇီရိုလာသည် ၁၉နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အဓမ္မကျင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင်လည်း အမျိုးသမီးတစ်ဦးက ၎င်းသည် ဇီရိုလာနှင့်ပထမဆုံးအကြိမ် ချိန်းတွေ့ခဲ့ပြီး ရေချိုးရန် ဇီရိုလာ၏တိုက်ခန်းသို့ ပြန်လိုက်ခဲ့ကြောင်း၊ ဇီရိုလာ၏ဆန္ဒကိုငြင်းပယ်သည့်အခါ ဇီရိုလာက အဓမ္မပြုကျင့်ခဲ့ကြောင်းတိုင်ကြားခဲ့သည်။ ဇီရိုလာသည် ဖလော်ရီဒါပြည်နယ်ရှိ မီယာမီကမ်းခြေသို့ ၂၀၀၇ခုနှစ် အောက်တိုဘာလအတွင်းက အပန်းဖြေခရီးထွက်စဉ် ဟိုတယ်တွင် အသက်၁၈နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မူးယစ်ထုံထိုင်းဆေးကျွေးပြီး အဓမ္မမှုကျူးလွန်ခဲ့ပြန်သည်။ ဇီရိုလာသည် ထိုအမျိုးသမီးသုံးဦးစလုံးကို အရက်ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံရာမှ ယင်းသို့ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဇီရိုလာသည် ၎င်း၏ ရှေ့နေလိုင်စင်အသိမ်းခံရပြီး အမှုသုံးမှုကို တရားရုံးတွင် လွန်ခဲ့သည့် ဇန်နဝါရီ ၈ရက်မှ စတင်ရင်ဆိုင်နေရပြီဖြစ်သည်။

စိတ်ဆင်ရိုင်းကို ချွန်းဖွင့်ခဲ့မိ

တစ်သက်တာ လူမှုဝန်ထမ်းလုပ်ငန်းများတွင် ဘဝကိုနှစ်မြှုပ်ပြီး စိတ်အေးချမ်းသာစွာနေထိုင်ခဲ့သူ ဇီရိုလာသည် စိတ်ဆင်ရိုင်းကို ချွန်းဖွင့်ခဲ့မိသည့်အတွက် ထောင်အတွင်း နှစ်မည်မျှပေးဆပ်ရမည်ကို မခန့်မှန်းနိုင်သကဲ့သို့ စိတ်အလိုလိုက်ခဲ့မိသည့်ဖြစ်ရပ်ကို သတိပြုဆင်ခြင်ဖွယ်ရာပင်ဖြစ်ပါကြောင်း။ ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ဘရာဇီးနိုင်ငံ ဆောပေါလိုအမျိုးသားပြတိုက်မှ ပျောက်ဆုံးသွားခဲ့သော စပိန်ပန်းချီဆရာ ပါဘလိုပီကာဆို၏ ပန်းချီကားတစ်ချပ်အပါအဝင် ပန်းချီကားနှစ်ချပ်ကို ခိုးယူခဲ့သူနှစ်ဦးထံမှ ဇန်နဝါရီ၈ရက်တွင် ရဲတပ်ဖွဲ့က ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။**
- အိန္ဒိယနိုင်ငံက အသစ်တီထွင်ထုတ်လုပ်ထားသော ကီလိုမီတာ ၃၀၀၀ ကျော် ပစ်ခတ်နိုင်သည့် အဂ္ဂနီ-၃ အမည်ရှိ တာဝေးပစ်ဒုံးပျံတစ်စင်းကို လာမည့်နှစ်၌ စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဇန်နဝါရီ၉ရက်၌ သတင်းထုတ်ပြန်သည်။
- **ကနေဒါနိုင်ငံ အော့တာဝါမြို့တွင် ဇန်နဝါရီ ၉ရက်က အအေးလွန်ကဲ ကျရောက်ခဲ့ရာ အပူချိန် ရေခဲမှတ်အောက်ကျဆင်းခဲ့ပြီး ငါးဦးသေဆုံးခဲ့သည်။**
- ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ဟာစ်ပန်ဂါပြည်နယ် မက်ဆန်တိုမြို့တွင် ဇန်နဝါရီ ၈ရက်ကကျင်းပသော ဒေသဆိုင်ရာပွဲတော်တစ်ခု၌ ပြာသာဒ်ပုံသဏ္ဌာန်ပြုလုပ်ထားသော လှေတစ်စင်းအမိုးထိပ်သည် ကောင်းကင်ဓာတ်ကြိုးတစ်ခုနှင့်ဝင်တိုက်မိရာ လူ ၄၀ ဒဏ်ရာရရှိခဲ့သည်။
- **နယ်သာလန်နိုင်ငံ ဒပ်ဖ်မြို့တွင် ဇန်နဝါရီ ၈ရက်က မော်တော်ယာဉ် ၁၀စီးဆက်တိုက်မှုဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်များ ပျက်စီးခဲ့သည်။**
- တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တီဗက်ဒေသ၌ ဇန်နဝါရီ၉ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၉ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ တီဗက်ဒေသတွင် အဆောက်အအုံများပျက်စီးခဲ့သည်။
- **တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြောက်ပိုင်း၌ရှိသည့် ရေခဲပြင်ဖုံးလွှမ်းနေသော မြစ်ဝါမြစ်အတွင်း ဇန်နဝါရီ ၉ရက်က ကစားနေသော လေးနှစ်အရွယ်ကလေးငယ်လေးဦးမှာ ရေခဲမြစ်အတွင်း ကျဆင်း သေဆုံးခဲ့သည်။**
- အမေရိကန်နိုင်ငံ လတ်ဗီးဂတ်စ်မြို့၌ ဇန်နဝါရီ၈ရက်က ဩစတြေးလျနိုင်ငံသားတစ်ဦးက အမြင့် ၂၂၇ပေရှိသည့် အဆောက်အအုံပေါ်မှ မော်တော်ဆိုင်ကယ်စီးနင်းပြီး အကွာအဝေး ၃၂၂ပေခန့်အထိ ရောက်အောင် ခုန်နိုင်ခဲ့သဖြင့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အောက်ပုံ)**

ဇန်နဝါရီ ၃ ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အမှတ် (၂)ရပ်ကွက် မြို့မလမ်းသွယ် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသော်ဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ယင်းမာပင်၌ အမျိုးသမီးအိမ်တွင်းမှု သင်တန်းဖွင့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

ယင်းမာပင် ဒီဇင်ဘာ ၂၄

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ အမျိုးသမီးသက်မွေးလုပ်ငန်း ပညာသင်တန်း၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇)နှင့် အိမ်တွင်းမှုလက်မှု(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အဆိုပါသင်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက်၁၀နာရီက ကျင်းပသည်။

အဆိုပြုလွှာပေး

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံသို့လည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို အမျိုးသမီး အိမ်တွင်းမှုသင်တန်း ကျောင်းအုပ်

ဒေါ်မြမြအေးက မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်ထံလည်းကောင်း ပေးအပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်ရှင်းလင်း ဆောင်းပါးပါ သိမှတ်စရာများ မတ္တရာ၌ ဆွေးနွေး

မတ္တရာ ဒီဇင်ဘာ ၃၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ရှင်သန် ဖွံ့ဖြိုးရေးနှင့် စာဖတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက် ၁၁ နာရီခွဲက မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောဌေးက စာကြည့်တိုက်ရှင်သန် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက် ရမည့် နည်းလမ်းများ၊ စာဖတ်ပွဲများ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေချောင်းကျေးရွာ မူလတန်းပြဆရာမ ဒေါ်သူဇာဌေးက ဆင်ကရွာမှ အလင်းအိမ်ဆောင်းပါးကို လည်းကောင်း၊ ကိုစိန်ဝင်းအောင်က စာတတ်သူ၊ စာဖတ်သူ ဆောင်းပါးကိုလည်းကောင်း၊ မယဉ်ယဉ်က အသက်ရှည်စွာ အနာမဲ့ကြောင်း ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဆောင်းပါးပါ သိမှတ်စရာ အချက်အလက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ထုမြို့ မြို့အဝင်လမ်းဆုံ တြိဂံကျွန်းတွင် မြေခင်းအလှ ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၅ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး ဦးဟန်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးအောင်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြို့နယ် ပြန်/ဆက်နှင့် အမျိုးသမီးရေးရာအဖွဲ့ ပူးပေါင်း ရွှေတောင်၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ရွှေတောင် ဒီဇင်ဘာ ၂၂

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ ရက်က နွားမယံကျေးရွာအုပ်စု နွားမယံစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မမိုးသူဇာက စာရေးဆရာ တက္ကသိုလ်တင်ခ၏ စိတ်ကိုကာကွယ်နိုင်ရန်စာဖတ်ပါ ဆောင်းပါး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် မနှင်းနှင်းလှိုင်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ စာအုပ်မှ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် မမေဇာနည်ကျော်က စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ ချစ်လို့ပြောတာမှတ်ပါ (၂)စာအုပ်မှ လက်ဆင့်ကမ်းတာဝန် ဆောင်းပါးတို့ကို ဖတ်ကြားကြသည်။ ထို့နောက် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ဆွေဆွေအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လဲ့လဲ့ခိုင်တို့က ဖတ်ကြားဆွေးနွေးမှုများကို ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေးမြို့နယ်၌ စာဖတ်သူတိုးပွားရေး စာအုပ်များလှူဒါန်း

ကလေး ဒီဇင်ဘာ ၂၆

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားရေး ဦးတည်ချက်ဖြင့် ဟောပြောပွဲ၊ စာအုပ်နှင့် ငွေလှူဒါန်းပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၁ နာရီက ကလေးမြို့နယ် ခုံတိုးမြို့သာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးစိန်ဝင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသန်းအေးက အမှာစကားပြောကြားကြပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လက်ခံယူ

ထို့နောက် လရိပ်ပြာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူရှင် ၅၈ ဦးက ငွေကျပ် နှစ်သိန်းနှင့် သုတ၊ ရသစာအုပ်မျိုးစုံ အုပ်

၅၀၊ ကျေးရွာပြည်သူများက ငွေကျပ်နှစ်သိန်းနှင့် သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၁၂၅၀ တို့ကို လှူဒါန်းကြရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးဘိုးမြင့်က လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ပလင်္ဂါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

ဂါန်းဇွန်မြို့၌ ပန်းအလှပင်များ ပေါင်းမြက်ရှင်းလင်း

ဂါန်းဇွန် ဒီဇင်ဘာ ၂၅

ဂါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး လုပ်ငန်းများကို အပတ်စဉ်စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၅ ရက် နံနက်က မြို့အဝင်လမ်းဘေး ဝဲယာတစ်လျှောက်ရှိ ပန်းခုံများအတွင်း ပန်းအလှပင်များ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ရေလောင်းခြင်းတို့ကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက် ဦးဆောင်သော ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သဲကျဲကြီးတံတား ဆောက်လုပ်မည့် နဝင်းချောင်းကမ်းခြေကို ဒီဇင်ဘာ၁၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် ကျေးလက်တာဝန်ရှိသူများ ကွင်းဆင်း ညှိနှိုင်း၍ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးရာဇာလင်းနှင့်အတူ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြက်ဆူစိုက်ခင်း၌ ပေါင်းသင် မြေဆွ စုပေါင်းဆောင်ရွက်

ဂန့်ဂေါ ဒီဇင်ဘာ ၂၅

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့်ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(ဂန့်ဂေါ) တာဝန်ခံ စက်မှုကျွမ်းကျင်(၂) ဦးကီးထန်နိုင်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၂ ရက် နံနက်က ထပ်ဆင့်လွှင့်စက်ရုံအနီးရှိ ဌာနပိုင်ခြံစည်းရိုး ကြက်ဆူပင် စိုက်ခင်းမြေ နှစ်ဧက၌ ပေါင်းသင်ခြင်း၊ မြေဆွခြင်းနှင့် ခြံစည်းရိုး ပြုပြင်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ (၂၇၃)

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်သော (၃)ဖြတ်လမ်း ကတ္တရာခင်းခြင်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေရှိ လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သီတာစိုး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မဟာဗောဓိစေတီမနော‌ရမသိမ် တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းအတွက် အလှူရှင် ဒေါ်သိန်းကြည် မိသားစု FMI က အလှူငွေကျပ်၁၀သိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တ နန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

မဟာဗောဓိစေတီ မနောရမလေးထပ်သိမ်ကျောင်းဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ နန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ သစ်စက်ရပ်ကွက် တို့မေတ္တာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလဆန်း ၄ ရက်
၁၁-၁-၂၀၀၈
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓေဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ အဆင့်မြင့် မီးခံအုတ်စက်ရုံအကြောင်း)

၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ကြာပင်)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ကိုယ်ကျင့်တရား)

ညနေပိုင်း

၁၆:၁၀ ရာသီခါမိတေးပန်းချီ
(၁) ဆောင်းမင်းသမီး (ခင်စမ်းအေး)
(၂) ကိုယ်ဆင်ပေးမယ့်ပန်း (တင်ဦးလေး)
(၃) ပင်မြင့်စံ (ကမ္ဘောဇမေသင်းရီ)

၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ [အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ မင်္ဂလာဒုံမှ ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်ယဉ်ယဉ်ဇော်နှင့် ဆွေးနွေးခန်း]

၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဓာတ်လမ်း (တကယ်မဝယ်ဘူးနော်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး) (မောင်ဆုရှင်)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်သူသာလှစေချင် (ခင်မောင်ကြီး)
(၂) သူစိမ်းလောက်မှ မကြင်နာတော့ဘူးလား (ချိုပြုံး)
(၃) ချစ်အားငယ်ရသူမယ် (စန္ဒရားချစ်ဆွေ)

ဖခင်အမည်မှန်

အထက(၂)ဒဂုံဆိပ်ကမ်း နဝမတန်း(E)မှ မနှင်းသက်နွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဝင်း။**

အဲယားကွန်းအဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၅၁-၃၀၀၄၃၊ ၀၉-၈၀-၂၂၇၈၀။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

အထူးဂါရဝပြုဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် တော်ဝင်သဇင်မိသားစု၏ မိခင်ကြီး **သုဓမ္မသိင်္ဂီဒေါ်ဆွေသဇင်** (အုပ်ချုပ်မှုဒါရိုက်တာ၊ အောင်ကောင်းကျော်ဆောက်လုပ်ရေးကုမ္ပဏီ)အား **သီဟသုဓမ္မသိင်္ဂီဘွဲ့**ကို ထိုက်တန်စွာ ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ဂါရဝပြုဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ မန္တလေးရုံးချုပ်။

၂။ စီမံကိန်းအင်ဂျင်နီယာနှင့်ဝန်ထမ်းများ ခုတင်(၃၀၀)ဆံ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်း၊ ပြင်ဦးလွင်မြို့။

၃။ စီမံကိန်းအင်ဂျင်နီယာနှင့်ဝန်ထမ်းများ ခုတင်(၂၀၀)ဆံ့ အရိုးအထူးကုဆေးရုံ တည်ဆောက်ရေးစီမံကိန်း၊ မန္တလေးမြို့။

၄။ စီမံကိန်းအင်ဂျင်နီယာနှင့်ဝန်ထမ်းများ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး တည်ဆောက်ရေးစီမံကိန်း၊ မန္တလေးမြို့။

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တောင်ငူမြို့ Royal Kaytumadi Hotel တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

ရွှေရွှေစင်ပွဲကေတုမတီဟိုတယ် တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ Royal Kaytumadi Hotel တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ပဲခူးဇုန်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■

နှင်းမှုန် ဖွေးဖွေး				
	ဟားခါး	– ၁ ဒီဂရီစင်တီဂရိတ်	မိုးကုတ်	၃ ဒီဂရီစင်တီဂရိတ်
	လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်	ပြင်ဦးလွင်	၃ ဒီဂရီစင်တီဂရိတ်

ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည့်

မြန်မာ့တူရိယာ စောင်းထုတ်လုပ်မှုအတတ်ပညာ

အနုပညာသတင်းမြင်ကွင်း - မြင့်မောင်စိုး ● ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်) ● စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့စောင်းသည် မြန်မာ့တူရိယာပစ္စည်းငါးမျိုးဖြစ်သည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့တွင် ကြိုးတပ်တူရိယာပစ္စည်းအဖြစ် ပါဝင်သည်။

လွန်စွာရှေးကျ

မြန်မာတို့ အမြတ်တနိုး တန်ဖိုးထားအပ်သော မြန်မာ့စောင်း ပေါ်ပေါက်လာခဲ့သည့် သမိုင်းစဉ်ကို ပြန်ပြောင်းကြည့်လျှင် လွန်စွာရှေးကျပေစွ။

ဗုဒ္ဓမြတ်စွာဘုရား မပွင့်တော်မီကပင် ဆိုနိုင်ပေသည်။ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူသော်လည်း ဘုရားစင်စစ် ဧကန်မဖြစ်ခဲ့ပေ။ ထိုအချိန်တွင် ပဉ္စသိခ်နတ်သားက မလျော့မတင်း စောင်းကိုတီးပြ၍ ဘုရားရှင်သည် အလယ်အလတ်သော လမ်းစဉ်ကို ကျင့်ကြံအားထုတ်သဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူလေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

လက်ရာမြောက် မြန်မာ့ရိုးရာ တူရိယာစောင်းကောက်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား